

*Photo credit: IOM*

# Capitalising Human Mobility for Poverty Alleviation and Inclusive Development in Myanmar (CHIME)

## CONTEXT

People in Myanmar are increasingly turning to migration as a way to improve their livelihoods. Today, one in four people is a migrant. It has been projected that nearly a third of the 36 million rural population could migrate to urban areas to take up non-farm employment in the next couple of decades.

While the importance of migration as a livelihood strategy for rural households in Myanmar is recognised, a disaggregated understanding of the drivers and impacts of migration by the type of movement (seasonal, long-term, rural-urban, cross-border), occupation, ethnicity, gender and class is lacking. A deeper understanding of these differences is necessary for effective policy formulation to better support migration governance.

## IMPLEMENTED BY

International Organization for Migration (IOM), Metta Development Foundation and the University of Sussex, in partnership with Ministry of Labour, Immigration and Population (MOLIP)

## GEOGRAPHIC SCOPE

Nationwide, with a focus on Ayeyarwady and Mandalay regions, Rakhine and Shan states

## DURATION

January 2016 - June 2019

## BUDGET

USD 1,999,218

## OBJECTIVE

The purpose of the study is to generate evidence on contemporary labour migration patterns and the impacts of migration at the individual, household, and community levels. The findings of the study will be used as a tool to support government and non-government actors in developing strategies and policies to increase the developmental role of migration.

## APPROACH

The mixed-method study will consist of quantitative and qualitative data collection over two data collection rounds to account for seasonal variations. The quantitative samples are intended to represent rural households in each of the four areas. A total of 3,440 households will be surveyed.

MOLIP has agreed to become an official government partner for the study as part of the new administration's effort to develop evidence-based policy on labour migration.

Data collected from the quantitative and qualitative interviews aim to answer the following key questions:

1. How does migration impact on people's perceptions, attitudes and actions taken in their livelihood strategies, including its de-incentivising effects? How do factors at the household level (assets, education, gender relations, individual attributes), meso-level (recruitment networks, social networks), and the macro-contextual level (agro-climatic conditions, markets, policies, history of migration, cultural norms) shape migration patterns and outcomes?
2. What are the intra-family dynamics related to migration in terms of gender roles, cultural expectations around the division of labour, resource allocation, education, and marriage? What support can be provided to migrant-sending households to address issues of inequity?
3. What are the impacts of migration at the community level? How have community members collectively dealt with these impacts? What support can be provided to support collective discussions and actions on migration consequences? What is the linkage between migration and structural inequalities within communities?
4. What are the developmental impacts of migration on migrants and migrant-sending households? What factors shape the patterns of remittance sending and spending/investment and how do these differ by destination, occupation, class, education, gender and ethnicity? What are the ways in which policy and support can be enhanced to increase the developmental impacts of migration and address its negative consequences?
5. What are the likely future migration flow scenarios? How will these scenarios impact other development sectors? What are the levels of interest among policy makers and practitioners in Myanmar to integrate migration perspectives in their areas of work?

LIFT Livelihoods and Food Security Fund
Managed by UNOPS

Implemented by
International Organization for Migration (IOM)
US University of Sussex




ဓာတ်ပုံ: *IOM*

# မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီးမြှုပ်နှံခြင်း (CHIME)

## နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာခြင်းကို အသက်မွေးဝမ်းကျောင်းမှု တိုးတက်ကောင်းမွန်ရေးအတွက် ပိုမိုရွေးချယ်လာကြသည်။ ယနေ့ခေတ်တွင် လူလေးဦးလျှင် တစ်ဦးသည် ရွှေ့ပြောင်းသွားလာသူဖြစ်သည်။ ကျေးလက်နေလူထု ၃၆သန်း၏ သုံးပုံတစ်ပုံမှာ နောင်အနှစ်နှစ်ဆယ်အတွင်း လယ်ယာလုပ်ငန်း မဟုတ်သော အလုပ်အကိုင်များ လုပ်ကိုင်ရန်အတွက် မြို့ပြများသို့ ရွှေ့ပြောင်းသွားလာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

ရွှေ့ပြောင်းသွားလာခြင်းသည် မြန်မာ့ ကျေးလက်နေအိမ်ထောင်စုများအတွက် အသက်မွေးမှု နည်းလမ်းတစ်ရပ်အဖြစ် အရေးပါသည်ကို အသိအမှတ်ပြုသော်လည်း၊ ရွှေ့ပြောင်းသွားလာခြင်းကို တွန်းအားပေးနေသည့် အရာများ၊ ရွှေ့ပြောင်းသွားလာမှု အမျိုးအစားများ (ရာသီအလိုက်၊ ရေရှည်၊ ကျေးလက်-မြို့ပြ၊ နယ်စပ်ဖြတ်ကျော်)၊ အလုပ်အကိုင်၊ လူမျိုး၊ ကျား/မရေးရာ၊ အဆင့်အတန်း စသည်တို့ကို လိုက်၍ သက်ရောက်မှုများကိုမူ ကွဲကွဲပြားပြား မသိရချေ။ ထိရောက်သော မူဝါဒရေးဆွဲနိုင်ရေးနှင့်၊ ရွှေ့ပြောင်းသွားလာရေးစီမံခန့်ခွဲမှုကို ပိုမိုထောက်ပံ့ပေးနိုင်ရန်အတွက် ဤကွဲပြားခြားနားမှုများကို ပိုမိုနားလည်သဘောပေါက်ရန် လိုအပ်သည်။

**အကောင်အထည်ဖော်ဆောင်ရွက်သူ**
ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)၊ မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ University of Sussex၊ မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် ပူးပေါင်းဆောင်ရွက်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**ပထဝီအနေအထားလွှမ်းခြုံမှု**
ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်များကို အဓိကထားလျက် နိုင်ငံတစ်ဝန်း

**စီမံချက်ကာလ**
၂၀၁၆ခုနှစ် ဇန်နဝါရီလ - ၂၀၁၉ခုနှစ် ဇွန်လ

**ဘတ်ဂျက်**
ကန်ဒေါ်လာ ၁,၉၉၉,၂၁၈

## ရည်ရွယ်ချက်

ဤသုတေသနလေ့လာမှု၏ ရည်ရွယ်ချက်မှာ- မျက်မှောက်ခေတ်တွင် ဖြစ်ပေါ်နေသော လုပ်သားရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ ပုံစံများ နှင့် ရွှေ့ပြောင်းလုပ်သားတစ်ဦးချင်းစီအပေါ်၊ မိသားစုအပေါ်၊ လူမှုအဖွဲ့အစည်းအပေါ် သက်ရောက်မှုများကို အထောက်အထားကို အခြေခံသည့် အချက်အလက်များကို ရရှိရန် ရည်ရွယ်သည်။ ဤသုတေသနလေ့လာမှုမှ တွေ့ရှိချက်များကို ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို မြှင့်တင်ရာတွင် လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာများ ရေးဆွဲရာတွင် အစိုးရ နှင့် အစိုးရ မဟုတ်သည့် လုပ်ရှားဆောင်ရွက်သူတို့ကို အထောက်အကူပြုရန်အတွက် အသုံးပြုမည်ဖြစ်သည်။

## ချဉ်းကပ်ပုံ

ကွဲပြားသော သုတေသန လေ့လာမှုနည်းသည် အရေအတွက် နှင့် အရည်အသွေးဆိုင်ရာ အချက်အလက်များကို ရာသီအလိုက် ပြောင်းလဲမှုများကိုပါ သိရှိရန် နှစ်ကြိမ် ကောက်ယူမည်ဖြစ်သည်။ အရေအတွက်ဆိုင်ရာ သုတေသနလေ့လာမှု နမူနာများကို ဒေသလေးခုအတွင်းရှိ ကျေးလက်နေမိသားစုများကို အပြည့်အဝကိုယ်စားပြုနိုင်သည့် နမူနာများဖြစ်ရန် ရည်ရွယ်သည်။ အိမ်ထောင်စု စုစုပေါင်း ၃,၄၄၀ စုကို စစ်တမ်းကောက်ယူမည် ဖြစ်သည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ဤသုတေသနလေ့လာမှုတွင် အစိုးရ၏ တရားဝင်မိတ်ဖက်အဖြစ် ပါဝင်ကာ အထောက်အထားကို အခြေပြုသော လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာမူဝါဒကို ရေးဆွဲရာတွင် အစိုးရအသစ်၏ ကြိုးပမ်းအားထုတ်မှု တစ်ရပ်အနေဖြင့် ပါဝင်မည် ဖြစ်သည်။

အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ လူတွေ့မေးမြန်းခြင်းများမှ ကောက်ယူရရှိသော အချက်အလက်များသည် အောက်ပါ အဓိကမေးခွန်းများကို ဖြေဆိုစေရန် ရည်ရွယ်သည်-

၁။ ရွှေ့ပြောင်းသွားလာခြင်းသည် လူတို့၏ အမြင်များ၊ စိတ်နေသဘောထားများ၊ မိမိတို့၏ အသက်မွေးဂမ်းကျောင်းမှုဆိုင်ရာ မဟာဗျူဟာများနှင့် ဆွဲဆောင်မှု လျော့နည်းလာသည့် အကျိုးသက်ရောက်မှုများအပေါ် မည်သို့သက်ရောက်မှု ရှိပါသနည်း။ ရွှေ့ပြောင်းသွားလာမှုပုံစံများနှင့် ရလဒ်များကို သက်ရောက်သည့် အရာများဖြစ်သည့် -မိသားစုအဆင့် (ပိုင်ဆိုင်မှုများ၊ ပညာရေး၊ ကျား/မ ရေးရာ ပတ်သက်ဆက်နွယ်မှုများ၊ လူတစ်ဦးချင်းစီ၏ ပင်ကိုယ်အရည်အချင်းများ)၊ အလယ်အလတ်အဆင့် ( လုပ်သားစုဆောင်းရေး ကွန်ယက်များ၊ လူမှုရေး ကွန်ယက်များ)၊ အကြီးတန်းဆက်နွယ်မှုအဆင့် ( စိုက်ပျိုးရေးနှင့် ရာသီဉတုအခြေအနေများ၊ စျေးကွက်များ၊ မူဝါဒများ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သမိုင်းကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ စံသတ်မှတ်ချက်များ) များသည် မည်သို့ အကျိုးသက်ရောက်မှု ရှိသနည်း။

၂။ ရွှေ့ပြောင်းသွားလာခြင်းသည် မိသားစုအတွင်း ပတ်သက်မှုများဖြစ်သည့် ကျား၊မရေးရာ အခန်းကဏ္ဍများ၊ ရိုးရာယဉ်ကျေးမှုအပေါ် အခြေပြုသည့် မိသားစုဝင်များအကြား တာဝန်ခွဲဝေမှုများ၊ ဝင်ငွေနှင့် အခြားပိုင်ဆိုင်မှုများကို ခွဲဝေသုံးစွဲခြင်း၊ ပညာရေးနှင့် အိမ်ထောင်ရေး စသည့် အချက်များအပေါ်တွင် မည်သို့သက်ရောက်မှု ရှိသနည်း။ ရွှေ့ပြောင်းသွားလာသူများရှိသည့် အိမ်ထောင်စုများအတွက်သာ တူညီမျှတမှုမရှိသည့် စိန်ခေါ်မှုအခက်အခဲကို ဖြေရှင်းနိုင်ရန် မည်သည့် အထောက်အပံ့များ ပေးနိုင်မည်နည်း။

၃။ ရွှေ့ပြောင်းသွားလာခြင်းသည် ကျေးရွာအဆင့်တွင် မည်သို့ သက်ရောက်မှုများ ရှိသနည်း။ လူမှုအဖွဲ့အစည်းအတွင်းရှိ ကျေးလက်လူထုအနေဖြင့် ဤသက်ရောက်မှုများကို မည်သို့စုပေါင်းပြီး ရင်ဆိုင်ဖြေရှင်းကြသနည်း။ ရွှေ့ပြောင်းသွားလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ကျေးရွာအဆင့်တွင် စုပေါင်းဆွေးနွေးပြီး လိုအပ်သည်များကို ဆောင်ရွက်သွားနိုင်ရန် မည်သည့် အထောက်အကူများ လိုအပ်သနည်း။ ရွှေ့ပြောင်းသွားလာခြင်းနှင့် လူမှုအဖွဲ့အစည်းအတွင်း သာတူညီမျှမှုမရှိသည့် အရာများသည် မည်သို့ ဆက်စပ်မှုရှိသနည်း။

၄။ ရွှေ့ပြောင်းသွားလာသူများနှင့် ရွှေ့ပြောင်းသွားလာသူများရှိသည့်အိမ်ထောင်စုများအပေါ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သက်ရောက်မှုများ မည်သို့ရှိသနည်း။ လွှဲပို့ငွေပေးပို့သည့် နည်းလမ်းများနှင့် လွှဲပို့ငွေသုံးစွဲပုံ/ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပုံများအပေါ် မည်သည့်အရာများက အကျိုးသက်ရောက်မှု ရှိသနည်း။ ထိုအရာများသည် ရွှေ့ပြောင်းသွားလာသည့်နေရာ၊ အလုပ်အကိုင်၊ အဆင့်အတန်း၊ ပညာရေး၊ ကျား/မရေးရာ၊ တိုင်းရင်းသားမျိုးနွယ်စုများအပေါ် မူတည်ပြီး မည်သို့ကွဲပြားခြားနားသနည်း။ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို တိုးမြှင့်ရန်နှင့် ၎င်း၏ အနုတ်လက္ခဏာသက်ရောက်မှုများကို ဖြေရှင်းနိုင်ရန် မည်သည့် နည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် မူဂါဒပိုင်းဆိုင်ရာနှင့် အထောက်အကူပြုဆိုင်ရာ အားဖြည့်မှုများ ပြုလုပ်နိုင်မည်နည်း။

၅။ လက်ရှိဖြစ်ပေါ်နေသည့် ရွှေ့ပြောင်းသွားလာမှုပုံစံများသည် မည်သို့ ရှိနိုင်မည်နည်း။ ထိုရွှေ့ပြောင်းသွားလာမှုပုံစံများသည် အခြားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအပေါ် မည်သို့ သက်ရောက်မှု ရှိမည်နည်း။ မြန်မာနိုင်ငံရှိ မူဝါဒရေးဆွဲသူများနှင့်၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သူများအနေဖြင့် လူထုရွှေ့လျားမှုဆိုင်ရာ ရှုထောင့်နှင့် အမြင်များကို မိမိတို့၏ လုပ်ငန်းများအတွင်း ထည့်သွင်းစဉ်းစားလုပ်ဆောင်ရန် စိတ်ဂင်စားမှုအဆင့်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆက်နွယ်မှုရှိသည့် အခြေအနေများမှာ မည်သည့်အရာများ ဖြစ်မည်နည်း။

Livelihoods and Food Security Fund

Managed by UNOPS

အကောင်အထည်ဖော်ဆောင်ရွက်သူ

International Organization for Migration (IOM)
ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)

UNIVERSITY OF SUSSEX



Photo credit:ILO

# Development of Internal and International Labour Migration Governance

## CONTEXT

The Global Compact for Safe, Orderly and Regular Migration adopted in 2018 reaffirmed that "Migration contributes to positive development outcomes and to realizing the goals of the 2030 Agenda for Sustainable Development, especially when it is properly managed." Despite the recent political and economic changes in Myanmar, job prospects in rural areas and in disadvantaged states and regions are still limited and migration remains an important livelihood strategy. Millions of people from Myanmar migrate internally and internationally, many into jobs in the informal sector with little protection of labour rights, guarantees of fair wages or assurance of safe working conditions. When their employment is not recognised or valued, migrants are much more vulnerable to forced labour and human trafficking, both within Myanmar and internationally.

**IMPLEMENTED BY**
International Labour Organization(ILO)

**GEOGRAPHIC SCOPE**
Nationwide with focus areas in Nay Pyi Taw, Yangon, Mandalay, Kachin, Shan, Kayin and Tanintharyi

**DURATION**
Phase 1: February 2016 – December 2018
Phase 2: January 2019 – June 2020

**BUDGET**
Phase 1: USD 2,000,000
Phase 2: USD 1,999,754

## OBJECTIVE

The project objective is to ensure that labour migration is safer and more beneficial, and better contributes to Myanmar's development. By strengthening internal and international migration governance, the interventions will provide a supportive policy framework for women and men to step out of poverty into alternative forms of livelihood. Migrants will face fewer risks and gain more benefits from labour migration, increasing the resilience and improving the standard of living for rural households.

Key challenges that prevent the country from maximising the benefits of migration include a lack of coherence between different areas of government policy, outdated laws on regulating overseas employment agencies and weak enforcement of labour protection measures. Myanmar's recently adopted Decent Work Country Programme (2018 – 2021) can be a tool for developing a more effective and rights-based approach to labour migration governance, enhancing its capacity to adopt and apply international standards and good practices. The programme provides a framework for the advancement of decent work and sustainable development in Myanmar, including the specific outcome of safe migration.

## APPROACH

The project focuses on supporting policy and legislative development for internal and international migration and strengthening mechanisms and stakeholder capacity for implementation as its core intervention approaches. During phase 2, the project will provide further technical support to the development of the Law Relating to Overseas Employment, secondary legislation and annual work plans for the National Plan of Action on Labour Migration (2018-2022). The ILO also plans to develop curriculums and provide training on skills development for domestic workers, leading to the adoption of a national occupational competency standard and greater recognition of their skills. To improve the provision of support services to potential and return migrants, the project will build cooperation between Migrant Resource Centres and civil society and labour organizations. Expanding on its work with parliamentarians, the ILO will provide technical assistance to the Parliamentarian Committee on Women and Children to develop a draft law to protect domestic workers and support the ratification of the ILO Convention on Decent Work for Domestic Workers (No. 189). To further address decent work deficits among internal migrants in vulnerable sectors of work, rapid assessments will be conducted for mining workers in Kachin State and construction workers in Yangon and Mandalay. To aid returning migrants, the project will work on supporting a favourable environment for reintegration by increasing access to documentation and labour market information. The ILO will also support the development of more evidence-based migration governance through continuing its series of briefing papers on promoting coherence among human trafficking, employment, skills development and labour migration policies

### PROJECT OUTCOMES

1. Key international labour migration legislation and policies are adopted in line with relevant international labour standards, the ILO Multilateral framework and in consultation with all relevant stakeholders.
2. National and regional policies or mechanisms are adopted in consultation with all relevant stakeholders to promote decent work for migrants, including those working in the informal sector.
3. Policies are strengthened to protect and promote fundamental aspects of decent work for internal, international and return migrants, including social protection coverage, increased recognition of skills and more effective labour dispute settlement mechanisms.
4. Greater policy coherence is achieved.

Livelihoods and Food Security Fund

Managed by UNOPS

Implemented by

SOCIAL JUSTICE
DECENT WORK



ဓာတ်ပုံ: *ILO*

# ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး

## နောက်ခံအကြောင်းအရာ

၂၀၁၈ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ဘေးကင်းလုံခြုံမှုနှင့် စနစ်ကျမှု ရှိသည့် ပုံမှန်ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်က 'ရွှေ့ပြောင်းသွားလာခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရလာဒ်ကောင်းများ အတွက် ပံ့ပိုးပေးပြီး အထူးသဖြင့် မှန်ကန်စွာ စီမံခန့်ခွဲနိုင်ပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ အစီအစဉ်၏ ရည်မှန်းချက် ပန်းတိုင်များအား နားလည်သဘောပေါက်စေရန် ပံ့ပိုးပေးသည်'ဟု ထပ်လောင်း အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံတွင် မကြာသေးမီက နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ် တိုးတက်ခဲ့သော်လည်း ကျေးလက်ဒေသများ၊ အားနည်းချက်/လိုအပ်ချက်ရှိသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများမှာ အကန့်အသတ်ရှိနေဆဲဖြစ်ပြီး ရွှေ့ပြောင်းသွားလာခြင်းမှာ အရေးပါသည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ မဟာဗျူဟာအဖြစ် ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်း နှင့် ပြည်ပသို့ သန်းနှင့်ချီသော လုပ်သားများ ရွှေ့ပြောင်းလျက်ရှိပြီး အများအပြားမှာ အလုပ်သမားအခွင့်အရေးဆိုင်ရာ စောင့်ရှောက်မှု၊ ကောင်းမွန်သည့်လုပ်ခလစာ အာမခံချက် သို့မဟုတ် ဘေးကင်းလုံခြုံသည့် လုပ်ငန်းခွင် အခြေအနေဆိုင်ရာ အာမခံချက်များ နည်းပါးသည့် တရားဝင်မဟုတ်သည့် လုပ်ငန်းများတွင်သာ အလုပ်လုပ်ကိုင် လျက်ရှိနေကြသည်။ ယင်းတို့၏ အလုပ်အကိုင်ကို အသိအမှတ်ပြုခြင်း သို့မဟုတ် တန်ဖိုးထားခြင်း မခံရသည့်အခါ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများတွင်လည်းပဲ အဓမ္မစေခိုင်းခံရခြင်း နှင့် လူကုန်ကူးခံရခြင်းတို့ကို ကြုံတွေ့နိုင်ချေ ပိုများသွားသည်။

အကောင်အထည်ဖော်ဆောင်ရွက်သူ
အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)

ပထဝီအနေအထားလွှမ်းခြုံမှု
နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးများကို အဓိကထားလျက် နိုင်ငံတစ်ဝန်း

စီမံချက်ကာလ
ပထမကာလ- ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအထိ
ဒုတိယကာလ- ၂၀၁၉ခုနှစ် ဇန်နဝါရီလမှ ၂၀၂၀ခုနှစ် ဇွန်လအထိ

ဘတ်ဂျက်
ပထမကာလ - အမေရိကန် ဒေါ်လာ ၁,၉၉၉,၇၅၄
ဒုတိယကာလ - အမေရိကန် ဒေါ်လာ ၁,၉၉၉,၇၅၄

## ရည်ရွယ်ချက်

ဤစီမံချက်၏ ရည်ရွယ်ချက်မှာ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းသည် ပိုမိုဘေးကင်းလုံခြုံပြီး အကျိုးရှိစေရုံမျှ သာမက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုရန် အတွက် ဖြစ်သည်။ ပြည်တွင်း နှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးကို စီမံအုပ်ချုပ်နေသော မူဝါဒများကို အားဖြည့်ပေးခြင်းဖြင့် ဤစီမံချက်သည် ပြည်သူလူထုအား ဆင်းရဲတွင်းမှ လွတ်မြောက်ရန် သို့မဟုတ် အခြား အသက်မွေးဝမ်းကျောင်းမှု ပုံစံများသို့ တက်လှမ်းရာတွင် လီမ္မာပါးနပ်စွာ ဆုံးဖြတ်နိုင်စေရန်အတွက် ပံ့ပိုးကူညီပေးမည့် မူဝါဒမူဘောင်တစ်ရပ်ကို ပေးအပ် မည်ဖြစ်သည်။ ရွှေပြောင်းသွားလာသူများအနေဖြင့် ကြုံတွေ့ရမည့် အန္တရာယ်များလျော့ပါးသွားကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဖြင့် ကြံ့ကြံ့ခံနိုင်စွမ်းကို ပိုမိုတိုးတက်စေပြီး ကျေးလက်နေပြည်သူလူထု၏ လူနေမှု အဆင့်အတန်းကို ပိုမို ကောင်းမွန်စေမည့် အကျိုးအမြတ်များ ပိုမိုရရှိစေရန် ဖြစ်သည်။

ရွှေ့ပြောင်းသွားလာခြင်း၏ အကျိုးကျေးဇူးများကို မြှင့်တင်ရာတွင် ဟန့်တားနေသည့်အဓိကအရာများမှာ ဥပဒေ နှင့် မူဝါဒများတွင် ကြောင်းကျိုးဆီလျော်မှု နှင့် တသမတ်တည်းမဖြစ်ခြင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကို လိုင်စင်ထုတ်ပေးရေး၊ စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ဥပဒေများ ခေတ်မမီခြင်း၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နည်းလမ်းများတွင် အသက်ဝင်မှု အားနည်းခြင်းတို့ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပိုမိုထိရောက်ပြီး အခွင့်အရေးအခြေခံဖြစ်သည့် လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ၊ ယင်းစီမံအုပ်ချုပ်မှု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ နိုင်ငံတကာ စံနှုန်းများနှင့် အလေ့အထကောင်းများ ချမှတ်ကျင့်သုံးခြင်းအား ဖွံ့ဖြိုးတိုးတက်လာစေရန် မကြာသေးမီက အတည်ပြုခဲ့သည့် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့် အစီအစဉ် ၂၀၁၈-၂၀၂၁ အား နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။ ဤနိုင်ငံအဆင့်အစီအစဉ်က မြန်မာနိုင်ငံတွင် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ တိကျသည့် ရေရှည်အကျိုးရလဒ် အပါအဝင် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် အဆင့်မြှင့်ရန် နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်တစ်ခုအဖြစ် ပံ့ပိုးပေးပါသည်။

## ချဉ်းကပ်ပုံ

ဤစီမံချက်သည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒနှင့် ဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးရန် နှင့် ယန္တရားများ အားကောင်းစေရန် နှင့် အကောင်အထည်ဖော်ရန် ပါဝင်သက်ဆိုင်သူများ၏ စွမ်းဆောင်ရည် အားကောင်းစေရန်တို့ကို စီမံချက်၏ အဓိက ဆောင်ရွက်ရန် ချဉ်းကပ်ပုံ နည်းလမ်းများအဖြစ် ဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။ ဒုတိယအဆင့်တွင် စီမံချက်အနေဖြင့် ပြည်ပအလုပ်အကိုင် ခန့်ထားခြင်းနှင့် ဆိုင်သည့် ဥပဒေ တစ်ရပ်ပေါ်ပေါက်ရေး၊ နောက်ဆက်တွဲ ဥပဒေများ နှင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အမျိုးသားလုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) အတွက် တစ်နှစ်တာ လုပ်ငန်းအစီအစဉ်များ ရေးဆွဲရန် နည်းပညာဆိုင်ရာ အကူအညီများ ဆက်လက်ပေးမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) အနေဖြင့်လည်း အမျိုးသားလုပ်ငန်းခွင် ကျွမ်းကျင်မှုစံနှုန်း သတ်မှတ်နိုင်ပြီး၊ ကျွမ်းကျင်မှုများအား အသိအမှတ်ပြုမှု ပိုမိုများပြားလာစေရန် ဦးတည်မည့် အိမ်အကူလုပ်သားများအတွက် ကျွမ်းကျင်မှုတိုးတက်စေရန် သင်ရိုးညွှန်းတမ်းများ ပြုစုရေးသား၍ လေ့ကျင့်သင်ကြားပေးရန် အစီအစဉ်များ ရှိပါသည်။ စီမံချက်အနေဖြင့် ရွှေ့ပြောင်းမည့် အလားအလာရှိသူများ နှင့် နေရပ်ပြန်လာသူများအတွက် အကူအညီပေးရေး ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန် ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမား အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ပေးမည်ဖြစ်သည်။ ILO အနေဖြင့် လွှတ်တော်အမတ်များ နှင့် ပူးပေါင်းဆောင်ရွက်နေမှုကို ပိုမို တိုးမြှင့်ဆောင်ရွက်ရန်၊ အမျိုးသမီး နှင့် ကလေးသူငယ်ဆိုင်ရာ လွှတ်တော်ကော်မတီမှ အိမ်အကူအလုပ်သမားများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းရေးဆွဲရာတွင် နည်းပညာ အကူအညီပေးခြင်း နှင့် အိမ်အကူအလုပ်သမားများ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးဆိုင်ရာ ILO သဘောတူညီချက် စာချုပ်အတည်ပြုနိုင်ရေးကို ကူညီပံ့ပိုးပေးလျက်ရှိသည်။ (အမှတ် ၁၈၉)

ထိခိုက်နိုင်ခြေရှိသည့် ကဏ္ဍများတွင် အလုပ်လုပ်ကိုင်နေသည့် ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားများအကြား သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များ လျော့နည်းနေခြင်းကို ဖြေရှင်းပေးရန် ကချင်ပြည်နယ်ရှိ ကျောက်တွင်း အလုပ်သမားများ နှင့် ရန်ကုန် နှင့် မန္တလေးရှိ ဆောက်လုပ်ရေး အလုပ်သမားများအား လျင်မြန်သည့် ဆန်းစစ်မှုတစ်ခုကို ဆောင်ရွက်မည်ဖြစ်သည်။ နေရပ်ပြန်လာသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် အကူအညီရရှိစေရန် စာရွက်စာတမ်း အထောက်အထား နှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက် လက်လှမ်းမီမှုကို ပိုမိုတိုးမြှင့် ရရှိစေခြင်းဖြင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရန် ကောင်းမွန်သင့်မြတ်သည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် စီမံချက်က ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ ILO က လူကုန်ကူးမှု၊ အလုပ်အကိုင်ရရှိမှု၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှု နှင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများကြား လိုက်လျောညီထွေဖြစ်မှု ပိုမိုမြှင့်တင်ပေးနိုင်မည့် ဆွေးနွေးချက် စာတမ်းများမှတဆင့် ပိုမိုဖွံ့ဖြိုးတက်သော အထောက်အထားအခြေခံ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖြစ်ပေါ်လာစေရန် ကူညီပံ့ပိုးပေးမည်ဖြစ်သည်။

## မူဝါဒဆိုင်ရာ အကျိုးရလဒ်များ

၁။ အပြည်ပြည်ဆိုင်ရာ လုပ်သားရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အဓိကဥပဒေများ၊ မူဝါဒများကို သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမား စံချိန်စံညွှန်းများ၊ ILO၏ ဘက်စုံမူဘောင်တို့နှင့် အညီ သက်ဆိုင်သူအားလုံးတို့နှင့် တိုင်ပင်ဆွေးနွေးသတ်မှတ်မည် ဖြစ်သည်။

၂။ တရားမဝင်ကဏ္ဍ၌ အလုပ်လုပ်သူများအပါအဝင် ရွှေ့ပြောင်းသွားလာသူများအတွက် ကောင်းမွန်သော အလုပ်အကိုင်များ နိုင်ငံတော်နှင့် ဒေသန္တရဆိုင်ရာ မူဝါဒများ သို့မဟုတ် ပါဝင်သက်ဆိုင်သူများ အားလုံးနှင့် ဆွေးနွေးတိုင်ပင်ကာ ချမှတ်မည်ဖြစ်သည်။

၃။ လူမှုရေးကာကွယ်စောင့်ရှောက်မှု အစီအစဉ်၊ လုပ်ငန်းကျွမ်းကျင်မှုများကို ပိုမိုအသိအမှတ်ပြုခြင်း နှင့် ပိုမို ထိရောက်သည့် အလုပ်သမားရေးရာ ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများပါဝင်သည့် ပြည်တွင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် နေရပ်ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူများအားအတွက် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ အခြေခံလက္ခဏာများအား စောင့်ရှောက်ကာကွယ်ရန် နှင့် မြှင့်တင်ရန် မူဝါဒများက အားဖြည့်ပေးမည် ဖြစ်သည်။

၄။ ပိုမိုလိုက်လျောညီထွေရှိသည့် မူဝါဒ ရေးဆွဲချမှတ်နိုင်မည် ဖြစ်သည်။

Livelihoods and Food Security Fund

Managed by UNOPS

အကောင်အထည်ဖော်ဆောင်ရွက်သူ



*Photo credit: BBC Media Action*

# Yay Kyi Yar: Decent Work and Labour Migration for Media

## CONTEXT

Discussion of labour migration issues and the decent work agenda at regional and national levels in Myanmar is often limited to a fairly small group of stakeholders, with very little engagement of the wider population in the country. Media has the potential to support a broader, more informed and participatory national conversation on these concerns, providing a platform for dialogue and increasing accountability of government. The media can bring together diverse stakeholders by providing a space for more inclusive discussions about the risks and opportunities of labour migration and the key challenges and solutions for expanding decent work opportunities in Myanmar.

**IMPLEMENTED BY**
BBC Media Action

**GEOGRAPHIC SCOPE**
Nationwide with focus areas in Delta, Dry Zone, Rakhine, Shan, Kachin, Chin, Mon and Yangon

**DURATION**
Phase 1: October 2016 - March 2019
Phase 2: April 2019 - September 2020

**BUDGET**
Phase 1: USD 1,975,602
Phase 2: USD 1,060,341

## OBJECTIVE

The project will support a better informed public discourse on labour migration through building awareness and understanding of the contribution of labour migration to Myanmar's development among media at national and regional levels. It further aims to support policy development through inclusive social dialogue between stakeholders on decent work and labour mobility issues in Myanmar, making sure that the voices of women, migrants, informal sector workers and ethnic minorities are heard by decision-makers.

Currently, however, the media in Myanmar is under-utilized and lacks capacity to effectively fill this role. Media coverage on the issue of labour migration is limited to a small number of news reports, often producing highly sensationalized and nationalistic stories of extreme cases of trafficking and exploitation. While these reports can play an important role in highlighting cases of abuse, the media coverage rarely unpacks the individual story to analyse the vulnerabilities which enable these situations to take place. Media reports also display a lack of basic understanding of migration issues and terminology, with a substantial absence of research and fact checking. This carries significant risk as media reporting has a direct impact on migration policy in Myanmar. For example, news coverage of mistreatment of domestic workers abroad was used as a justification for banning migration into the sector in 2014. There is also a lack of nuanced human-interest stories on the real impact of migration on migrants and their family members to provide a well-rounded understanding of the issue.

## APPROACH

This project will build the capacity of regional and national media agencies in Myanmar to support more informed, analytical, balanced and evidence-based media coverage of labour migration and decent work issues. Key capacity strengthening activities will include coaching and mentoring of regional media agencies; senior editorial training for national media to promote feature reporting on migration issues within Myanmar and internationally; and a series of training workshops bringing together media and stakeholders working on labour migration issues.

The project will also produce creative and engaging multi-media broadcasts for national and regional audiences, including a range of audio-visual digital media outputs on the popular Yay Kyi Yar Facebook page and the development of Yay Kyi Yar discussion programs to be broadcast as a special, stand-alone series on television with an audio version available for radio broadcast. An eight episode series of Yay Kyi Yar televised panel debate/discussions will bring together key stakeholders such as migrants, government, unions, recruitment agencies, employers and civil society organisations to discuss decent work deficits and labour migration challenges across key sectors of work in Myanmar. Digital media content will provide useful information for audiences on safe migration and other key knowledge gaps related to the world of work. A range of formats will be used, such as Facebook Live and short documentary videos on the lives of migrant workers in Myanmar.

BBC Media Action will also conduct research throughout the project cycle to monitor the outcomes of the interventions. This will provide regular feedback on the progress achieved and allow the activities to be adapted for improved results. The majority of the research planned will be qualitative in nature, including media capacity assessments and focus group research with audiences, offering a timely and nuanced understanding of engagement with the project outputs and what effect they are having on beneficiaries.

Livelihoods and Food Security Fund

Managed by UNOPS

Implemented by

BBC MEDIA ACTION
TRANSFORMING LIVES THROUGH MEDIA AROUND THE WORLD



ဓာတ်ပုံ ။ ဘီဘီစီ မီဒီယာအက်ရှင်

# ရေကြည်ရာ-သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် နှင့် လုပ်သားရွှေ့လျားမှုဆိုင်ရာ မီဒီယာကဏ္ဍ

## နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စများ နှင့် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ အစီအစဉ်နှင့် ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်အဆင့် ဆွေးနွေးခြင်းမှာ ပါဝင်သက်ဆိုင်သူလူနည်းစုနှင့်သာ သက်ဆိုင်လျက်ရှိပြီး တစ်ပြည်လုံးအတိုင်းအတာဖြင့် ပိုမိုများပြား ကျယ်ပြန့်သည့် ပြည်သူလူထုကြား ဆွေးနွေးခြင်းမှာမူ အလွန် နည်းပါးနေသေးသည်။ မီဒီယာဖက်မှ ထိုစိုးရိမ်ပူပန်စရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်ပြီး၊ သတင်းအချက်အလက် ပိုမိုပေးနိုင်ကာ အများပါဝင်သည့် အမျိုးသားအဆင့် ဆွေးနွေးမှုများအတွက် နေရာတစ်ခု ကူညီပံ့ပိုးပေးရန် နှင့် အစိုးရ၏ တာဝန်ယူမှု ပိုမိုတိုးတက်လာစေရန် အတွက် မီဒီယာဖက်မှ ကူညီပံ့ပိုးပေးရန် စွမ်းအားရှိပါသည်။ မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်းခြင်းဆိုင်ရာ ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များနှင့် အခွင့်အလမ်းများနှင့် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးချဲ့ခြင်းနှင့်ဆိုင်သော အဓိက စိန်ခေါ်မှုများ နှင့် ဖြေရှင်းနည်းလမ်းများ ဆွေးနွေးပွဲများ ကျင်းပနိုင်ရန် နေရာတခုပံ့ပိုးပေးခြင်းဖြင့် အမျိုးမျိုးသော ပါဝင်သက်ဆိုင်သူများအားလုံး ပါဝင်လာစေရန်လည်း မီဒီယာကဏ္ဍက စည်းရုံးစုစည်းနိုင်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်သူ
ဘီဘီစီ မီဒီယာအက်ရှင်

ပထဝီအနေအထားလွှမ်းခြုံမှု
မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ် နှင့် ရန်ကုန် တိုင်းဒေသကြီးကို အဓိကထားလျက် နိုင်ငံတစ်ဝန်း

စီမံချက်ကာလ
ပထမကာလ- ၂၀၁၆ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် မတ်လအထိ
ဒုတိယကာလ- ၂၀၁၉ခုနှစ် ဧပြီလမှ ၂၀၂၀ခုနှစ် စက်တင်ဘာလအထိ

ဘတ်ဂျက်
ပထမကာလ - အမေရိကန် ဒေါ်လာ ၁,၉၇၅,၆၀၂
ဒုတိယကာလ - အမေရိကန် ဒေါ်လာ ၁,၀၆၀,၃၄၁

## ရည်ရွယ်ချက်

ဤစီမံချက်သည် လုပ်သားရွှေ့ပြောင်းသွားလာခြင်း နှင့် ပတ်သက်၍ အသိပညာပေးမှု တည်ဆောက်ခြင်း နှင့် အမျိုးသားအဆင့် နှင့် တိုင်းဒေသကြီး ပြည်နယ်အဆင့် မီဒီယာများအကြား မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအတွက် လုပ်သားရွှေ့ပြောင်းသွားလာခြင်း၏ ပံ့ပိုးပေးမှုကို အများပြည်သူ နားလည်သဘောပေါက်ရန် နှင့် သေချာသိရှိစေရန် ထောက်ပံ့ကူညီ ပေးမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိမှု နှင့် လုပ်သားရွှေ့လျားသွားလာမှုဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ အမျိုးသမီးများ၊ ရွှေ့ပြောင်းသွားလာသူများ၊ သမားရိုးကျ မဟုတ်သည့်ကဏ္ဍတွင် လုပ်ကိုင်နေသူများ လူနည်းစု တိုင်းရင်းသားများ ၏ အသံကို ဆုံးဖြတ်ပိုင်ခွင့် ရှိသူများ က သေချာစွာ ကြားသိစေမည့် လူမှုရေးရာ ဆွေးနွေးမှု များအား သက်ဆိုင်သူ အားလုံးပါဝင်ဆွေးနွေးခြင်းဖြင့် မူဝါဒ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့ကူညီပေးရန် ရည်ရွယ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံရှိ မီဒီယာကဏ္ဍမှာ အသုံးပြုသင့်သည်ထက် လျော့နည်းနေပြီး ယင်းကဏ္ဍကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် စွမ်းဆောင်ရည်မှာလည်း လိုအပ်မှုများ ရှိနေသေးသည်။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များကို မီဒီယာတွင် ဖော်ပြခြင်းမှာ သတင်းသို့မဟုတ် ရုပ်သံ/ပုံပြ သတင်းတင်ပြချက် အနည်းငယ်မျှသာ ရှိနေသေးပြီး စိတ်လှုပ်ရှားခံစားမှုမြင့်ပြီး အမျိုးသားရေးနှင့်ဆိုင်သည့် လွန်ကျူးသည့် လူကုန်ကူးမှု နှင့် လုပ်အားအမြတ်ထုတ်ခံရခြင်းမျိုးကိုမူ ရံဖန်ရံခါသာ တင်ဆက်ပြသသည်။ ထိုသတင်းဖော်ပြချက်များမှာ အလွဲသုံးစားပြုခံရသည့် ဖြစ်ရပ်များကို မီးမောင်းထိုးရန်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ရှိသော်လည်း မီဒီယာ ဖော်ပြချက်များမှာ ထိုအခြေအနေများအား ဖြစ်ပေါ်စေသည့် ထိခိုက်လွယ်သည့် အကြောင်းအရာများကို ဆန်းစစ်နိုင်မည့် ဖြစ်ရပ်တစ်ခုချင်းစီကို ဖော်ထုတ်ပြနိုင်ခြင်း နည်းပါးပါသည်။

မီဒီယာသတင်း ထုတ်ပြန်မှုများမှာ ရွှေ့ပြောင်းသွားလာခြင်း ကိစ္စများနှင့် ပတ်သက်သည့် ဝေါဟာရများ နှင့် အခြေခံ သဘောတရားကို နားလည်သဘောပေါက်ခြင်း မရှိကြောင်းထင်ရှားပါသည်။ မီဒီယာ သတင်းဖော်ပြချက်မှာ မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာမူဝါဒအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသဖြင့် ယင်းမှာ အရေးကြီးသည့် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်ရှိပါသည်။ ဥပမာ ပြည်ပရှိ အိမ်အကူအလုပ်သမားများအား နိုပ်စက်ခံနေရသည့်သတင်းသည် ကဏ္ဍအတွင်း ရွှေ့ပြောင်းသွားလာခြင်းကို တားမြစ်ပိတ်ပင်ရန် အကြောင်းအရင်းအဖြစ် ၂၀၁၄ခုနှစ်တွင် အသုံးချခြင်းခံခဲ့ရသည်။ ယင်းအပြင် ရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ ဘက်စုံထောင့်စုံမှ သဘောပေါက်နားလည်နိုင်စေရန်အတွက် ရွှေ့ပြောင်းသွားလာသူများနှင့် မိသားစုဝင်များအပေါ် အမှန်တကယ် သက်ရောက်မှုရှိမည့် သိမ်မွေ့ထူးခြားပြီး လူစိတ်ဝင်စားနိုင်မည့် ဖြစ်ရပ်များလည်း တင်ဆက်နိုင်ခြင်း မရှိချေ။

## ချဉ်းကပ်ပုံ

ဤစီမံချက်က လုပ်သားရွှေ့ပြောင်းသွားလာရေး နှင့် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ ကိစ္စရပ်များနှင့် ဆိုင်သည့် သတင်းအချက်အလက် ပိုမိုပေးသော၊ ကျိုးကြောင်းဆင်ခြင်မှုရှိသော၊မျှတသော အထောက်အထားကိုအခြေခံသည့် မီဒီယာ ထုတ်လွှင့်မှုများကို အထောက်အကူပေးရန်အတွက် မြန်မာနိုင်ငံတွင်းရှိ ဒေသဆိုင်ရာနှင့် နိုင်ငံပိုင် မီဒီယာ အေဂျင်စီများအား စွမ်းဆောင်ရည် တည်ဆောက်ပေးမည်ဖြစ်သည်။ စွမ်းဆောင်ရည် အားကောင်းစေမည့် အဓိက လုပ်ဆောင်ချက်များတွင် ဒေသဆိုင်ရာ မီဒီယာအေဂျင်စီများအား နည်းပြပေးခြင်း နှင့် လမ်းညွှန်ပေးခြင်း၊ မြန်မာနိုင်ငံတွင်း နှင့် ပြည်ပရှိ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စများအား ရုပ်သံ/ပုံပြ သတင်းတင်ဆက်ခြင်းကို မြှင့်တင်ပေးနိုင်ရန် နိုင်ငံပိုင်မီဒီယာ အေဂျင်စီများမှ ဝါရင့်အယ်ဒီတာများအား သင်တန်းပေးခြင်း၊ နှင့် မီဒီယာနှင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ကိုင်နေသည့် ပါဝင်သက်ဆိုင်သူများအားလုံးကို စုစည်းပြီး အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်သည်။

ဤစီမံချက်သည် တစ်နိုင်ငံလုံး နှင့် တိုင်းဒေသနှင့်ပြည်နယ်တို့တွင်ရှိသော ပရိတ်သတ်များအတွက် ဖန်တီးမှုအားကောင်းပြီး ဆွဲဆောင်နိုင်မည့် မာလ်တီမီဒီယာ ထုတ်လွှင့်မှုများကို ကျော်ကြားသည့် ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာပေါ်မှ တဆင့် တင်ပြခြင်း နှင့် ရုပ်မြင်သံကြားတွင် ဒီဂျစ်တယ် ရုပ်သံမီဒီယာ ဖန်တီးမှု အမျိုးမျိုးကို သီးသန့် အထူးအစီအစဉ်တွဲများအဖြစ် ထုတ်လွှင့်ပြသသည့် ရေကြည်ရာ ဆွေးနွေးခန်း အစီအစဉ်များ နှင့် ယင်းအစီအစဉ်များအား ရေဒီယိုတွင် ထုတ်လွှင့်ရန် အသံသက်သက်ပုံစံဖြင့် အစီအစဉ်များ ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်သည်။ ထုတ်လွှင့်ပြသပြီးဖြစ်သည့် အပိုင်း ၈ ပိုင်း ပါဝင်သည့် ရေကြည်ရာ ဆွေးနွေးပွဲ ရုပ်သံ အစီအစဉ်များသည် ပါဝင်သက်ဆိုင်သူများဖြစ်သည့် ရွှေ့ပြောင်းသွားလာသူများ၊ အစိုးရ၊ သမဂ္ဂများ၊ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ များ၊ အလုပ်ခန့်ထားသူများ/လုပ်ငန်းရှင်များ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကို အရေးပါသည့် ပါဝင်သက်ဆိုင်သူများအား စုစည်းတွေ့ဆုံပေးကာ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် ရှားပါးမှု နှင့် အရေးကြီးသည့် အလုပ်အကိုင်ဆိုင်ရာ ကဏ္ဍများနှင့်ဆိုင်သည့် လုပ်သားရွှေ့ပြောင်း သွားလာရေးဆိုင်ရာ စိန်ခေါ်မှုများအကြောင်းကို ဆွေးနွေးစေမည် ဖြစ်သည်။ မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ၏ ဘဝများအကြောင်း မှတ်တမ်းတင်ထားသည့် မှတ်တမ်း ဗွီဒီယို ဇာတ်လမ်းတိုများ နှင့် ဖေ့စ်ဘုတ် လိုက်ဖ် ကဲ့သို့ ပုံစံအမျိုးမျိုးကို အသုံးပြု ထုတ်လွှင့်မည် ဖြစ်သည်။

ဘီဘီစီ မီဒီယာအက်ရှင်သည် ဆောင်ရွက်ချက်များ၏ ရလဒ်များကို စောင့်ကြည့်စစ်ဆေးရန်အတွက် စီမံချက်ကာလ တစ်လျှောက်လုံး သုတေသနပြုမည် ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းက အစီအစဉ်များ၏ ရလဒ်များကို ပုံမှန် ရရှိမည်ဖြစ်ပြီး ပိုမိုတိုးတက်ကောင်းမွန်သည့် ရလဒ်များ ရရှိနိုင်ရန်အတွက် လှုပ်ရှားဆောင်ရွက်မှုများအား လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ မီဒီယာ စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်ချက်များ၊ နှင့် ပရိတ်သတ်များအား အလေးထားအုပ်စု သုတေသန ပြုလုပ်ခြင်းများ၊ အချိန်နှင့် တပြေးညီဖြစ်ပြီး စီမံချက်ရလဒ်များ ပါဝင်သည့် ဆောင်ရွက်ချက်များကို သိမ်မွေ့စွာ နားလည်သဘောပေါက်ခြင်း နှင့် အကျိုးခံစားခွင့်ရှိသူများအပေါ် ရှိနေသည့် စီမံချက်ရလာဒ်များ၏ သက်ရောက်မှုများ အပါအဝင် သုတေသနအများစုကို အရည်အသွေးဆိုင်ရာ သုတေသနများဖြင့် လုပ်ဆောင်မည်ဖြစ်သည်။

LIFT
Livelihoods and Food Security Fund
UKaid, European Union, Australian Aid, Swiss Agency for Development and Cooperation SDC, USAID, Canada, Irish Aid
Managed by UNOPS

အကောင်အထည်ဖော်ဆောင်ရွက်သူ
BBC MEDIA ACTION
TRANSFORMING LIVES THROUGH MEDIA AROUND THE WORLD



Photo credit: IOM

# Increasing the Developmental Impact of Labour Migration through Strengthened Governance and Partnership (Twe Let)

## OBJECTIVE

Twe Let (meaning "hand in hand" in Myanmar) aims to improve the governance and outreach capacities of national actors to increase the developmental impact of labour migration in Myanmar.

## CONTEXT

Labour migration, whether it is internal or international, has become a widespread livelihood strategy for the people of Myanmar. Migration dynamics at the regional and state level clearly show that migration takes place as a result of a complex set of local conditions, including proximity to employment opportunities and established social networks in destination countries. Insufficient access to information and services increases the risks and reduces the rewards of migration for migrants and their family members.

**IMPLEMENTED BY**
International Organization for Migration (IOM), Mon Women's Organization (MWO), Parami Development Network (PDN), Chin Human Rights Organization (CHRO), Pact Global Microfinance Fund (PGMF), Ministry of Labour, Immigration and Population (MOLIP)

**GEOGRAPHIC SCOPE**
Chin, Mandalay, Magway, Shan, Mon, Kayin, Tanintharyi in over 600 villages

**DURATION**
January 2017 - June 2019

**BUDGET**
USD 6,475,839

## APPROACH

Twe Let consists of two components – governance and community-outreach. The governance component aims to support the efforts of the Government of the Union of Myanmar, led by the Ministry of Labour, Immigration and Population, to establish a first ever comprehensive migration policy. The component also seeks to support a mechanism to mainstream migration into national and local sectoral development planning. The community outreach component keeps local civil society organisations close to the heart of the interventions, ensuring effective outreach within migrant communities.

1. **Pre-migration outreach**
   Pre-migration outreach in rural communities provides aspirant migrants and their families with practical information and tools to consider migration in their overall livelihood strategies, assess the various migration pathways, understand ways to manage positive and negative consequences of migration, set clear migration plans and goals, and help them make better migration decisions and actions.
2. **Financial literacy**
   Financial literacy training is provided to households receiving remittances with the aim of increasing their ability to manage remittances migrants send back home, and increase the positive impact of remittances on development. The training covers financial literacy, remittance saving, utilising remittances for income generating activities and working capital management.
3. **Skills development training**
   Developing skills prior to migration enables migrants to become more employable and access better jobs. Families receiving remittances may need new skills with which to start businesses. Skills development trainings will provide these aspirants migrants and migrant-sending households with practical skills for employment and self-employment through migration.
4. **Job-matching support**
   Job-matching support will be provided to the graduates of skills development training to increase their chances of finding rewarding employment in the occupations they were trained in. Support will also be provided to the graduates who opt for self-employment, by way of business management support.

Livelihoods and Food Security Fund

Managed by UNOPS

Implemented by



ဓာတ်ပုံ: *IOM*

# ခိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူပေါင်းလုပ်ဆောင်မှုများဖြင့် လုပ်သားရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များကို တိုးမြှင့်အောင် ပြုလုပ်ခြင်း (တွဲလက်)

## ရည်ရွယ်ချက်

တွဲလက် (မြန်မာအဓိပ္ပာယ်တွင် "လက်တွဲလုပ်ဆောင်ခြင်း" ကို ဆိုလိုသည်) စီမံကိန်းသည် မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးသက်ရောက်မှုကို အားကောင်းလာစေရန်အတွက် စီမံအုပ်ချုပ်မှုနှင့် ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ၏ ကျေးလက်နေပြည်သူများသို့ စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နိုင်မည့် စွမ်းဆောင်ရည်များအား တိုးမြှင့်စေရေးကို ရည်ရွယ်သည်။

## အကောင်အထည်ဖော်ဆောင်ရွက်သူ

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း(IOM)၊ မွန်အမျိုးသမီး အဖွဲ့အစည်း(MWO)၊ ပါရမီ ဖွံ့ဖြိုးရေးကွန်ယက်(PDN)၊ ချင်း လူ့အခွင့်အရေးအဖွဲ့ (CHRO)၊ Pact Global Mircofinance Fund(PGMF)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန(MOLIP)

## ပထဝီအနေအထားလွှမ်းခြုံမှု

ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ရွာပေါင်း ၆၀၀

## စီမံချက်ကာလ

၂၀၁၇ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ခုနှစ် ဖွန်လ အထိ

## ဘတ်ဂျက်

ကန်ဒေါ်လာ ၆,၄၇၅,၈၃၉

## နောက်ခံအကြောင်းအရာ

ပြည်တွင်း (သို့) နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာမှုသည် မြန်မာနိုင်ငံရှိ ပြည်သူများအတွက် ကျယ်ပြန့်သည့် အသက်မွေးဝမ်းကြောင်းနည်းဗျူဟာတစ်ခု အဖြစ် ဖြစ်ပေါ်လာသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရွှေ့ပြောင်းသွားမှုမှ ဆိုက်ရောက်နိုင်ငံများရှိ အလုပ်အကိုင်အခွင့်အလမ်းများ၊ ရှိနေပြီးသော လူမှုကွန်ယက်များနှင့် နီးစပ်မှုအပါအဝင် ဒေသတွင်း ရှုပ်ထွေးသည့် အခြေအနေများကြောင့် ရွှေ့ပြောင်းသွားလာရခြင်းဖြစ်ကြောင်းကို ပြသနေပါသည်။ လုံလောက်သည့် သတင်းအချက်အလက်နှင့် ဂန်ဆောင်မှုများကို မရရှိခြင်းသည် ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များကို တိုးမြှင့်စေနိုင်ပြီး ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုများအတွက် ရွှေ့ပြောင်းသွားမှုမှ အကျိုးအမြတ်ရရှိနိုင်မှုကို လျော့နည်းစေနိုင်သည်။

## ချဉ်းကပ်ပုံ

တွဲလက်စီမံချက်တွင် အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ စီမံအုပ်ချုပ်မှုနှင့် ကျေးလက်ဒေသများမှ အကျိုးခံစားခွင့်ရှိသူများထံသို့ စီမံကိန်းလုပ်ငန်းများရောက်ရှိစေမည့် အစီအစဉ်စသည်တို့ဖြစ်ပြီး၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုအစိတ်အပိုင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးဆောင်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ပထမဆုံးအကြိမ် ပြီးပြည့်စုံသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမူဝါဒများ ရေးဆွဲချမှတ်နိုင်ရန် ရည်ရွယ်ပြီး၊ ဤမူဝါဒများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍတွင် ဦးစားပေးလုပ်ဆောင်ရမည့်အရာများကို ဆက်စပ်မှုရှိစေပြီး အထောက်အပံ့လည်း ဖြစ်စေမည်ဖြစ်သည်။ ဤစီမံချက် အစိတ်အပိုင်းသည် ရွှေ့ပြောင်းသွားလာခြင်းကို နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်ရေးဆွဲရာတွင် အထောက်အကူပြုနိုင်မည့် ယန္တရားတစ်ခု ဖြစ်လာစေရန် ရည်ရွယ်သည်။ ကျေးလက်နေပြည်သူများဆီသို့ စီမံကိန်းလုပ်ငန်းများရောက်ရှိစေမည့် အစိတ်အပိုင်းတွင် ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSOs) များအနေဖြင့် အဓိကအရေးပါသော အခန်းကဏ္ဍတွင်ပါဝင်ပြီး၊ စီမံချက်လုပ်ငန်းစဉ်များ၏ ဆီလျော်မှု၊ ထိရောက်မှု၊ ကျေးလက်နေပြည်သူများက ပိုင်ဆိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန်အတွက် ၊ မိမိတို့၏ နည်းပညာပိုင်းဆိုင်ရာနှင့် စီမံချက်ကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးသည့် ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်များအတွက် လူသိများသော နိုင်ငံတကာ အဖွဲ့အစည်းနှစ်ခုတို့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။

၁။ ရွှေ့ပြောင်းသွာလာခြင်းမပြုမီ လုံခြုံစွာ ရွှေ့ပြောင်းသွာလာခြင်းဆိုင်ရာ အသိပညာပေးမှုများ

ဤလုပ်ဆောင်ချက် အစီအစဉ်သည် ကျေးလက်ဒေသရှိ ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသူများနှင့် ၎င်းတို့၏ မိသားစုများအား မိမိတို့အတွက် အကောင်းဆုံးသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်နိုင်ရန် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဓိကအချက်များဖြစ်သည့် သတင်းအချက်အလက်ပြည့်စုံစွာ ရရှိခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မတူညီသည့် ရွေးချယ်မှုနည်းလမ်းများ၊ ကောင်းမွန်သည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကျိုးဆက်များကို တိုးမြှင့်ခြင်း၊ အနုတ်လက္ခဏာအကျိုးဆက်များကို လျှော့ချနိုင်သည့် နည်းလမ်းများနှင့် လုံခြုံစွာနှင့် မဟာဗျူဟာကျကျ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ပိုမိုကျယ်ပြန့်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းဗျူဟာများ ချမှတ်ခြင်း တို့ပါဝင်သည်။

၂။ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း

ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းကို လွှဲပို့ငွေလက်ခံရရှိသော အိမ်ထောင်စုများကို ပေးရန်ရည်ရွယ်ပြီး၊ ရွှေ့ပြောင်းသွားလာသူများ အနေဖြင့် မိမိတို့အိမ်သို့ ပြန်ပို့သောငွေကို ကျန်ရှိသော မိသားစုဝင်များမှ စီမံခန့်ခွဲနိုင်သည့် စွမ်းရည်များ တိုးတက်လာစေရန်နှင့် လွှဲပို့ငွေကို မိသားစုဖွံ့ဖြိုးတိုးတက်ရေးတွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုအတွက် အသုံးပြုနိုင်ရန် ရည်ရွယ်သည်။ဤသင်တန်းတွင် ငွေကြေးစီမံခန့်ခွဲခြင်း၊ လွှဲပို့ငွေကို စုဆောင်းခြင်း၊ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများအတွက် လွှဲပို့ငွေကို အသုံးပြုခြင်းနှင့် မိမိလက်ဝယ်ရှိ အရင်းအနှီးကို စီမံခန့်ခွဲခြင်းစသည်တို့ ပါဝင်မည် ဖြစ်သည်။

၃။ ကျွမ်းကျင်မှုနှင့် အရည်အသွေးတိုးတက်မှုဆိုင်ရာ သင်တန်းများ

ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ကျွမ်းကျင်မှုနှင့် အရည်အသွေးတိုးတက်မှုဆိုင်ရာ သင်တန်းများ တက်ရောက်ထားပါက အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းပိုများပြီး၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်များရရှိရန် အထောက်အကူဖြစ်စေသည်။ လွှဲပို့ငွေလက်ခံရရှိသည့် မိသားစုများအနေဖြင့် ကျွမ်းကျင်မှုအတတ်ပညာအသစ်များကို လိုအပ်မည်ဖြစ်ပြီး၊ လွှဲပို့ငွေကို မတည်ငွေအဖြစ်အသုံးပြုပြီး စီးပွားရေးလုပ်ငန်းများ စတင်နိုင်မည် ဖြစ်သည်။ ကျွမ်းကျင်မှုနှင့် အရည်အသွေးတိုးတက်မှုဆိုင်ရာ သင်တန်းများသည် အလားအလာရှိသော ရွှေ့ပြောင်းသွားလာသူများနှင့် ရွှေ့ပြောင်းသွားလာသူရှိသော အိမ်ထောင်စုများကို ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် အလုပ်အကိုင်ရရှိရေးနှင့် ကိုယ်ပိုင်အလုပ်အကိုင်များ စတင်နိုင်ရန် လက်တွေ့ကျသော ကျွမ်းကျင်မှုအတတ်ပညာများပေးရန် ရည်ရွယ်သည်။

၄။ အလုပ်အကိုင်နှင့်ချိတ်ဆက်ပေးခြင်း

အလုပ်အကိုင်နှင့် ချိတ်ဆက်ပေးခြင်း ဂန်ဆောင်မှုကို ကျွမ်းကျင်မှုနှင့် အရည်အသွေးတိုးတက်မှုဆိုင်ရာ သင်တန်းများမှ သင်တန်းဆင်းများကို ဦးတည်မည်ဖြစ်ပြီး ၎င်းသင်တန်းဆင်းများကို မိမိတက်ရောက်ခဲ့သည့် သင်တန်းမှ သင်ယူထားသည့် နည်းပညာများဖြင့် ရွှေ့ပြောင်းသွားလာက ကောင်းမွန်သော အလုပ်အကိုင်ရရှိရန် ရည်ရွယ်သည်။ ဤဂန်ဆောင်မှု၊ ထောက်ပံ့မှုများကို ကိုယ်ပိုင်လုပ်ငန်း စတင်ရန် ရည်ရွယ်သော သင်တန်းဆင်းများကိုလည်း မိမိတို့ ကိုယ်ပိုင်လုပ်ငန်း (သို့) စီးပွားရေးကို စီမံခန့်ခွဲရေးဆိုင်ရာ ထောက်ပံ့မှုများလည်း ပါဝင်ပါသည်။


Livelihoods and Food Security Fund

LIFT · UKaid · European Union · Australian Aid · Swiss Agency for Development and Cooperation SDC · USAID · Canada · Irish Aid

Managed by UNOPS

အကောင်အထည်ဖော်ဆောင်ရွက်သူ

International Organization for Migration (IOM) · Paramí Development Network (PDN) · Chin Human Rights Organization · SINCE 1995 · Initiate Inform Inspire Influence · pact building local promise.



# Aung Myin Hmu Project - Industry Solutions for Safe Employment

## CONTEXT

Myanmar is undergoing a structural transformation, moving from a rural agrarian economy towards a more urban and industrialized economic model, which brings with it the prospects of higher wages and more formalized employment arrangements. A driving force behind the country's economic growth has been the expanding garment sector. The industry has grown considerably over the past few years, with revenue exceeding US $2.7 billion in 2017. The garment sector is also the largest manufacturing employer within Myanmar, engaging approximately 450,000 workers, many of whom are young women who migrated to Yangon from rural areas.

Finding decent work in urban areas within Myanmar remains a challenge for internal migrants, with inadequate information and services available to support safe migration. Women migrant workers report that a common challenge to obtaining jobs is the lack of training opportunities. From the perspective of employers, the growth of their business is hampered by a shortage of workers with relevant skills for the garment industry. At the same time, they have been largely unwilling to invest in the provision of training. This has led to a vicious cycle where factory owners try to remain competitive based upon keeping labour costs low rather than by increasing productivity. In turn, poor working conditions and low wages have meant that workers frequently leave their employment in search of better job opportunities.

There are also substantial problems with sexual harassment in the garment sector, which can discourage women from continuing to work within the industry. Myanmar's existing labour laws do not provide sufficient mechanisms to prevent or provide redress for sexual harassment within the workplace and there is strong resistance to acknowledging the problem among factory owners due to reputational concerns.

**IMPLEMENTED BY**
CARE, Business Kind Myanmar

**GEOGRAPHIC SCOPE**
Hlaing Thar Ya and Shwe Pyi Thar townships of Yangon

**DURATION**
Phase 1: March 2017 – June 2019
Phase 2: July 2019 – June 2021

**BUDGET**
Phase 1: USD 3,985,643
Phase 2: USD 2,000,000

## OBJECTIVE

The project aims to achieve two objectives. The first is to enhance livelihoods of migrant women and increase their productivity in the garment industry through strengthening the vocational training system. The second objective is to increase protection for migrant women in urban areas through improving the prevention and response to sexual harassment and gender-based violence.

## APPROACH

This project seeks to enhance women's livelihoods and the profitability of the garment sector through three main approaches. A standardized and replicable training curriculum will be developed by the private sector and the Ministry of Labour, Immigration and Population that matches the needs of the garment industry. This has the dual benefit of filling the labour demands of industry and maximising growth potential, while at the same time equipping new migrants with skills that support them to quickly find jobs at no cost to themselves. Secondly, the project will support the provision of information and job matching services that can be accessed pre- and post-departure to reduce the number of women experiencing employment gaps and falling victim to unscrupulous practices by brokers and other intermediaries. Finally, the project will support the development of a sustainable training model for skills training in Myanmar's garment sector, in partnership with key stakeholders.

Through close collaboration with the private sector, government and civil society, the project will address sexual harassment and gender-based violence through improving the quality and accessibility of services, increasing workplace protections and supporting legal reform in the area of workplace sexual harassment. Established social service systems will be strengthened to better support migrant women and address gender-based violence at work and in communities. The project also supports trade unions and worker organizations to increase their capacity to advocate for law and policy reforms related to the prevention of violence and sexual harassment. In addition, project interventions will engage with factory owners and the Myanmar Garment Manufacturers Association to encourage them to adopt appropriate sexual harassment complaint and response mechanisms.

Livelihoods and Food Security Fund

Managed by UNOPS

Implemented by



# အောင်မြင်မှုစီမံချက် - လုံခြုံစိတ်ချပြီး ခိုင်မာသော အလုပ်အကိုင် ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း

## နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံသည် ကျေးလက်ဆိုင်ရာ စိုက်ပျိုးရေး စီးပွားရေးစနစ်မှ လုပ်ခလစာ ပိုမိုမြင့်မားပြီး ပို၍တရားဝင်ဖြစ်စေမည့် အလုပ်အကိုင် ခန့်ထားနိုင်သည့် အလားအလာများကို ဆောင်ကြဉ်းလာမည့် မြို့ပြစက်မှု ဝန်ဆောင်မှုကို အခြေပြုသည့် စီးပွားရေးစနစ်သို့ ပြောင်းလဲသည့် ဖွဲ့စည်းတည်ဆောက်ပုံ အသွင်ပြောင်းလဲခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို မောင်းနှင်နေသည့်အားမှာ ပိုမိုတိုးပွားလာနေသည့် အထည်ချုပ်ကဏ္ဍမှ ဖြစ်သည်။ အထည်ချုပ်လုပ်ငန်းမှ ပြည်ပပို့ကုန်များ မှ လွန်ခဲ့သည့်နှစ်များအတွင်း သိသိသာသာ တိုးတက်လာခဲ့ပြီး ၂၀၁၇ခုနှစ်တွင် ကန်ဒေါ်လာ ၂.၇ ဘီလျံကျော်အထိ တိုးတက်လာခဲ့သည်။ အထည်ချုပ်ကဏ္ဍသည် မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အကြီးမားဆုံး အလုပ်အကိုင်ခန့်ထားသူ ဖြစ်ပြီး လုပ်သား ၄၅၀,၀၀၀ ခန့် လုပ်ကိုင်လျက်ရှိပြီး အများစုမှ ကျေးလက်ဒေသများမှ ရန်ကုန်သို့ ရွှေ့ပြောင်းလာသည့် အမျိုးသမီးငယ်များ ဖြစ်ကြသည်။

အကောင်အထည်ဖော်ဆောင်ရွက်သူ
CARE မြန်မာ၊ Business Kind Myanmar

ပထဝီအနေအထားလွှမ်းခြုံမှု
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ နှင့် ရွှေပြည်သာ မြို့နယ်များ

စီမံချက်ကာလ
ပထမကာလ - ၂၀၁၇ခုနှစ် မတ်လမှ ၂၀၁၉ခုနှစ် ဇွန်လအထိ
ဒုတိယကာလ - ၂၀၁၉ ခုနှစ် ဇူလိုင်လ မှ ၂၀၂၁ ခုနှစ် ဇွန်လအထိ

ဘက်ဂျက်
ပထမကာလ - အမေရိကန်ဒေါ်လာ ၃,၉၈၅,၆၄၃
ဒုတိယကာလ - အမေရိကန်ဒေါ်လာ ၂,၀၀၀,၀၀၀

## ရည်ရွယ်ချက်

စီမံချက်သည် ရည်ရွယ်ချက် ၂ခု ပြီးမြောက်အောင်မြင်စေရန် ရည်မှန်းထားသည်။ ပထမ ရည်ရွယ်ချက်မှာ ရွှေ့ပြောင်းလုပ်သား အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်ရန် နှင့် အထည်ချုပ်လုပ်ငန်းတွင် ၎င်းတို့၏ ကုန်ထုတ်စွမ်းအား ကို တိုးမြှင့်စေရန် ဖြစ်သည်။ ဒုတိယ ရည်ရွယ်ချက်မှာ မြို့ပြဒေသများရှိ ရွှေ့ပြောင်းအမျိုးသမီးများအတွက် ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ပေးရန် ဖြစ်သည်။

မြန်မာနိုင်ငံတွင်း မြို့ပြတွင် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရှာဖွေခြင်းမှာ ပြည်တွင်း ရွှေ့ပြောင်းသွားလာသူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲဖြစ်ပြီး ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်းကို ထောက်ပံ့ကူညီပေးရန် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှု မပြည့်စုံဘဲရှိနေသေးသည်။ အမျိုးသမီးရွှေ့ပြောင်းလုပ်သားများက ကျွမ်းကျင်မှုနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ မရှိခြင်းတို့က စိန်ခေါ်မှုတစ်ရပ် ဖြစ်နေကြောင်း ပြောကြားကြသည်။ အထည်ချုပ်လုပ်ငန်းမှ အလုပ်ရှင်များ၏ ရှုထောင့်မှကြည့်လျှင် သက်ဆိုင်ရာ လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိသည့် အလုပ်သမားရှားပါးမှု ၎င်းတို့၏ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပါသည်။ တချိန်တည်းမှာပင် အထည်ချုပ်လုပ်ငန်းရှင် အများစုသည် လေ့ကျင့်သင်ကြားမှုတွင် ထောက်ပံ့ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု မရှိပါ။ ယင်းအခြေအနေက စက်ရုံပိုင်ရှင်များအနေဖြင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် ကုန်ထုတ်စွမ်းအား တိုးတက်ရန် ကြိုးပမ်းရမည့်အစား အလုပ်သမားစရိတ်များ နည်းအောင် ကြိုးပမ်း နေရသည့် အဆိုးသံသရာထဲသို့သာ ပို့ဆောင်ပေးလျက်ရှိသည်။ အပြန်အလှန်အနေဖြင့် လုပ်ငန်းခွင်အခြေအနေ နိမ့်ကျခြင်း နှင့် လုပ်ခလစာ နည်းပါးခြင်းတို့ကြောင့် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင်ရန်အတွက် အလုပ်သမားများ မကြာခဏ အလုပ်ထွက်နေကြပါသည်။

အထည်ချုပ်ကဏ္ဍတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု နှင့် ဆိုင်သည့် ကြီးမားသည့် ပြဿနာများ ရှိနေသဖြင့် ယင်းကဏ္ဍတွင် အမျိုးသမီးများဆက်လက် အလုပ်လုပ်ကိုင်လိုစိတ် နည်းပါးလာစေပါသည်။ မြန်မာနိုင်ငံတွင် ရှိဆဲအလုပ်သမား ဥပဒေများက လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကို ဟန့်တားရန် သို့မဟုတ် ပြန်လည်သုံးသပ်ရန် လုံလောက်သည့် ယန္တရားများ မပံ့ပိုးနိုင်ဘဲ စက်ရုံပိုင်ရှင်များအကြားတွင်လည်း ဂုဏ်သိက္ခာပိုင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများ ရှိနေသဖြင့် ထိုပြဿနာကို အသိအမှတ်ပြုရန် ပြင်းထန်စွာ ဆန့်ကျင်မှုများ ရှိနေသည်။

## ချဉ်းကပ်ပုံ

ဤစီမံချက်သည် အဓိကချဉ်းကပ်ပုံ နည်းလမ်း ၃သွယ်ဖြင့် အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်ပေးပြီး အထည်ချုပ်ကဏ္ဍ၏ အမြတ်အစွန်း တိုးတက်စေရန် ဆောင်ရွက်မည် ဖြစ်သည်။ ပုဂ္ဂလိက ကဏ္ဍနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အထည်ချုပ်လုပ်ငန်း၏ လိုအပ်ချက်များနှင့် ကိုက်ညီမည့် စံအဖြစ်သတ်မှတ်ထားပြီး ပုံတူကူးယူနိုင်သည့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ရေးဆွဲမည်ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် အထည်ချုပ်လုပ်ငန်းအတွက် လုပ်သားလိုအပ်ချက်များ ဖြည့်ဆည်းခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို အကြီးမားဆုံးဖြစ်စေမည့်အပြင် တချိန်တည်းမှာပင် အသစ်ရွှေ့ပြောင်းလာသူများအနေဖြင့် ကုန်ကျစရိတ်လုံးဝမရှိဘဲ အလုပ်အကိုင် မြန်မြန်ဆန်ဆန်ရရှိစေရန် အထောက်အကူပြုမည့် ကျွမ်းကျင်မှုများ ပိုင်ဆိုင်စေမည့် နှစ်ထပ်ကွမ်း အကျိုးကျေးဇူးများ ရရှိစေပါမည်။ ဒုတိယချဉ်းကပ်ပုံအနေဖြင့် စီမံချက်က အမျိုးသမီးအချို့ ကြုံတွေ့နေရသည့် အလုပ်အကိုင် ကွာဟချက်များ နှင့် ပွဲစားများ နှင့် အခြား ကြားခံများ၏ မသမာမှုများကြောင့် သားကောင်ဘဝ ကျဆင်းခဲ့ရသည့် အရေအတွက်ကို လျှော့ချပြီး မိမိဒေသမှ မထွက်ခွါမီနှင့် ထွက်ခွာပြီးချိန်တွင် သတင်းအချက်အလက်များ ပံ့ပိုးခြင်းနှင့် အရည်အချင်းနှင့် ကိုက်ညီသည့် အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများကို ထောက်ပံ့ကူညီပေးမည် ဖြစ်သည်။ နောက်ဆုံး ချဉ်းကပ်ပုံမှာ စီမံချက်က အဓိကကျသည့် ပါဝင်သက်ဆိုင်သူများ နှင့် မိတ်ဖက်ပြုကာ မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်း ကဏ္ဍအတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးမည့် သင်ကြားရေးပုံစံ ရေးဆွဲရန် ထောက်ပံ့ကူညီပေးမည်ဖြစ်သည်။

ဤစီမံချက်သည် ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရ နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ နီးကပ်စွာ ပူးပေါင်းလက်တွဲလျက် ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လက်လှမ်းမီနိုင်မှုကို ပိုမိုကောင်းမွန်စေကာ လုပ်ငန်းခွင်ဆိုင်ရာ စောင့်ရှောက် ကာကွယ်ပေးခြင်းကို တိုးမြှင့်ပေးပြီး နှင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုကို အထောက်အကူပေးခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးခြင်းနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုကို ဖြေရှင်းပေးမည် ဖြစ်သည်။ လုပ်ငန်းခွင်နှင့် ရပ်ရွာလူထုအတွင်း ရွှေ့ပြောင်းအမျိုးသမီးများ အားပိုမိုကောင်းမွန်သည့် အကူအညီပေးရန် နှင့် ကျား/မ အခြေပြု အကြမ်းဖက်မှုများကို ဖြေရှင်းရန် ရှိပြီးသား လူမှုရေး ဝန်ဆောင်မှု စနစ်များကို အားကောင်းစေမည် ဖြစ်သည်။ စီမံချက်က အကြမ်းဖက်မှု နှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများအား တားဆီးဟန့်တားခြင်း နှင့် ဆိုင်သည့် ဥပဒေ နှင့် မူဝါဒ ပြုပြင်ပြောင်းလဲမှုများအတွက် စည်းရုံးလှုံ့ဆော်နိုင်စွမ်း တိုးတက်စေရန်အတွက် ကုန်သွယ်ရေးသမဂ္ဂများ နှင့် အလုပ်သမား အဖွဲ့အစည်းများ၏ စွမ်းရည် မြှင့်တင်လာစေရေးအတွက် ထောက်ပံ့ကူညီ ပေးမည် ဖြစ်သည်။ ထို့အပြင် စီမံချက်၏ ဆောင်ရွက်ချက်များက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများအား တိုင်ကြားနိုင်မည့်၊ ယင်းကိစ္စများကို တုံ့ပြန်ပေးမည့် ယန္တရားများ ထားရှိရန် မြန်မာ့အထည်ချုပ် လုပ်ငန်းရှင်များအသင်း၊ စက်ရုံပိုင်ရှင်များ နှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

Livelihoods and Food Security Fund

Managed by UNOPS

အကောင်အထည်ဖော်ဆောင်ရွက်သူ



*Photo credit: EDEN Project*

# Eden Project to Rescue Myanmar Migrant Women and Girls who have been Trafficked for the Purposes of Sexual Exploitation or Forced Marriage

## CONTEXT

Myanmar is considered to be predominantly a source country for trafficking for the purposes of forced labour and commercial sexual exploitation. Trafficking survivors from Myanmar include men, women and children, primarily from poor socio-economic backgrounds and with limited employment prospects. Young women and girls who are either unemployed or underemployed are particularly vulnerable to being trafficked as they are often targeted by brokers who deceive them about job opportunities. The majority of identified human trafficking cases involve the trafficking of women to China for forced marriage, though this cannot be considered representative of trafficking patterns within the country as a whole. Due to limited livelihood opportunities, populations living in conflict areas are considered especially vulnerable.

**IMPLEMENTED BY**
Eden Ministry

**GEOGRAPHIC SCOPE**
Yangon, Tachileik and Lashio townships of Shan State

**DURATION**
Phase 1: March 2017 – May 2019
Phase 2: May 2019 – March 2021

**BUDGET**
Phase 1: USD 199,508
Phase 2: USD 747,468

## OBJECTIVE

The Eden project is based on a 'reach, rescue, restore' model. Its activities work towards the achievement of two main objectives: The first is that trafficking survivors have a reduced risk of being re-trafficked through provision of assistance and shelter services to trafficked women in Yangon, Tachileik and Lashio. The second objective is to equip trafficking survivors to access an emotionally and financially stable future through holistic support programmes and trauma-based cognitive behavioural therapy.

## APPROACH

The project's approach is to provide assistance and shelter services to trafficked migrant women in Yangon, Tachileik and Lashio. Through outreach activities in red-light districts and external referral of cases, Eden identifies individuals who have been trafficked for the purposes of sexual exploitation.

Eden Ministry provides trafficked women with an opportunity to sustainably exit from situations of human trafficking. The project provides a safe environment for survivors of trafficking for purposes of sexual exploitation to recover from their experiences, including delivery of trauma counselling and creative therapies to help restore their dignity and mental health. Its services are intended to care for their physical, emotional, economic and social well-being, offering them the opportunity to realize their full potential.

Phase 2 of the project will build on Eden's activities during the initial phase of the project, addressing the needs of trafficking survivors through building capacity, advocating for policy change, supporting increased prosecution, developing legal strategies that better support survivors, increasing awareness and expanding trafficking prevention. This will include a geographic extension of the project activities from Yangon to Lashio and Tachileik in Shan State.

The Eden project will work to ensure that migrant women from rural households who have 'stepped out' to take advantage of job opportunities in urban areas – but are pushed back down through exploitation within the sex industry – are able to resume their pursuit of a better livelihood.

LIFT Livelihoods and Food Security Fund
UKaid European Union Australian Aid USAID Canada Irish Aid
Managed by UNOPS

Implemented by
eden



ဓာတ်ပုံ ៖ EDEN စီမံချက်

# Eden စီမံချက်- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် သို့မဟုတ် အဓမ္မ ထိမ်းမြားရန် လူကုန်ကူးခြင်း ခံရသည့် မြန်မာရွှေ့ပြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကူညီကယ်ဆယ်ခြင်း

## နောက်ခံအကြောင်းအရာ

အဓမ္မစေခိုင်းရန် နှင့် လိင်အမြတ်ထုတ် လူကုန်ကူးရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံရသည့် အဓိကအရင်းအမြစ်နိုင်ငံ တစ်ခုအဖြစ် မြန်မာနိုင်ငံအား သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများတွင် အများအားဖြင့် ဆင်းရဲမွဲတေသည့် လူမှုစီးပွါး နောက်ခံရှိပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အကန့်အသတ်ရှိသူ အမျိုးသားများ၊ အမျိုးသမီးများ နှင့် ကလေးသူငယ်များ ပါဝင်သည်။ အထူးသဖြင့် အလုပ်လက်မဲ့ သို့မဟုတ် အပြည့်အဝ အလုပ်မရှိသူ အမျိုးသမီးငယ်များနှင့် မိန်းကလေးများမှာ လူကုန်ကူးခံရနိုင်ခြေများသဖြင့် ပွဲစားများ၏ အလုပ်အကိုင်အခွင့်အလမ်းများပေး၍ လှည့်စားခြင်းကို မကြာခဏခံနေကြရသည်။ လူကုန်ကူးခံရသည့် အမှုအများစုသည် အတင်းအဓမ္မလက်ထပ်ရန်အတွက် တရုတ်ပြည်သို့ လူကုန်ကူးခံခြင်းများ အများစုဖြစ်သော်လည်း တစ်နိုင်ငံလုံးရှိ လူကုန်ကူးခံရသည့် ပုံစံများအား ကိုယ်စားပြုသည်ဟု သတ်မှတ်၍ မရပါ။ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် နေထိုင်သူများမှာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ အကန့်အသတ်ရှိနေသဖြင့် အထူးသဖြင့် ထိခိုက်လွယ်သူများအဖြစ် သတ်မှတ်ခြင်းခံရသည်။

အကောင်အထည်ဖော်ဆောင်ရွက်သူ
EDEN စီမံချက်

ပထဝီအနေအထားလွှမ်းခြုံမှု
ရန်ကုန် နှင့် ရှမ်းပြည်နယ် တာချီလိတ်နှင့် လားရှိုးမြို့နယ်များ

စီမံချက်ကာလ
ပထမကာလ - ၂၀၁၇ခုနှစ် မတ်လမှ ၂၀၁၉ခုနှစ် မေလအထိ
ဒုတိယကာလ - ၂၀၁၉ ခုနှစ် မေလမှ ၂၀၂၁ ခုနှစ် မတ်လအထိ

ဘက်ဂျက်
ပထမကာလ - အမေရိကန်ဒေါ်လာ ၁၉၉,၅၀၈
ဒုတိယကာလ- အမေရိကန်ဒေါ်လာ ၇၄၇,၄၆၈

## ရည်ရွယ်ချက်

ဤ Eden စီမံချက်သည် 'အရောက်လှမ်း၊ ကူညီကယ်တင်၊ ပြန်လည်ထူထောင်' ခြင်း ပုံစံတွင် အခြေခံထားသည်။ ဤစီမံချက်၏ လုပ်ငန်းစဉ်များက အဓိကရည်ရွယ်ချက် နှစ်ခုကို ရယူအောင်မြင်ရန် ဦးတည်ထားသည်- ပထမရည်ရွယ်ချက်မှာ ရန်ကုန်၊ တာချီလိတ် နှင့် လာရှိုးမြို့ရှိ လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသည့် အမျိုးသမီးများအတွက် အကူအညီနှင့် နားခိုရာပေးသည့် ဝန်ဆောင်မှုများ ပေးခြင်းဖြင့် ထပ်မံ၍ လူကုန်ကူးခံရခြင်း အန္တရာယ် လျော့ကျစေရန် ဖြစ်သည်။ ဒုတိယရည်ရွယ်ချက်မှာ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသည့် သူများအား တည်ငြိမ်သည့် စိတ်ခံစားမှု နှင့် ငွေကြေးဆိုင်ရာ အနာဂတ်ရရှိစေရန် အလုံးစုံ အကူအညီပေးရေး အစီအစဉ်များနှင့် ခွန်အား ပြန်လည်ရရှိစေရန် ဝေဒနာသိမှု အပြုအမူကုထုံး (TBCBT) ကုသပေးခြင်း ဖြစ်သည်။

## ချဉ်းကပ်ပုံ

ဤစီမံချက်သည် ရန်ကုန်၊တာချီလိတ်နှင့် လားရှိုးမြို့ရှိ လူကုန်ကူးခံရသည့် ရွှေ့ပြောင်းအမျိုးသမီးများအတွက် အကူအညီနှင့် ခိုလှုံစရာနေရာပေးသည့် ဝန်ဆောင်မှုများ ပံ့ပိုးကူညီမည် ဖြစ်သည် ။ လိင်လုပ်ငန်းလုပ်ကိုင်ရာ နေရာများမှ အမျိုးသမီးများ ပူးပေါင်းပါဝင်လာစေမည့် လှုပ်ရှားမှုများ နှင့် ထိုအမျိုးသမီးများအား ပြင်ပမှ ကျန်းမာရေး စောင့်ရှောက်မှု အကူအညီရရန် ညွှန်းပေးခြင်းမှတဆင့် Eden စီမံချက်က လိင်အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံရသူများအား ဖော်ထုတ်ပေးမည်ဖြစ်သည်။

Eden စီမံချက်သည် လူကုန်ကူးခြင်းခံရသည့် အမျိုးသမီးများအတွက် လူကုန်ကူးခံရသည့် အခြေအနေများမှ လွတ်မြောက်နိုင်မည့် အခွင့်အလမ်းရရှိရန် ကူညီပံ့ပိုးပေးမည် ဖြစ်သည်။ ဤစီမံချက်သည် လိင်အမြတ်ထုတ်ရန်အတွက် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများအား သူတို့တွေ့ကြုံခဲ့ရသည်များမှ လွတ်မြောက်ရန် ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်တစ်ခုကို ဖြည့်ဆည်းပေးကာ သူတို့၏ ဂုဏ်သိက္ခာ နှင့် စိတ်ကျန်းမာရေး ပြန်လည်ကောင်းမွန်စေရန် စိတ်ဒဏ်ရာ နှစ်သိမ့်ဆွေးနွေးခြင်း နှင့် အပြုအမူဆိုင်ရာကုထုံးဖြင့် (TBCBT) ကုသမှုများ ဆောင်ရွက်ပေးမည် ဖြစ်သည်။ ထိုဝန်ဆောင်မှုများသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စီးပွါးရေး နှင့် လူမှုဘဝသာယာရေးတို့ကို စောင့်ရှောက်ပေးပြီး ၎င်းတို့၏ စွမ်းရည် အပြည့်အဝကို ပြန်လည်သဘောပေါက်စေမည့် အခွင့်အလမ်းပေးအပ်မည် ဖြစ်သည်။

ဒုတိယအဆင့်တွင် စီမံချက်အစောပိုင်း အဆင့်တွင် Eden ၏ လုပ်ငန်းများအား စတင်တည်ဆောက်ပြီး စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ မူဝါဒပြောင်းလဲမှုအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ တရားစွဲဆိုမှုများ ပိုမိုတိုးမြှင့်စေရန် ကူညီပံ့ပိုးပေးခြင်း၊ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများအတွက် ပိုမိုကောင်းမွန်သည့် ကူညီပံ့ပိုးမှုများပေးနိုင်ရန် ဥပဒေဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲခြင်း၊ အသိပညာပေးမှု မြှင့်တင်ခြင်း နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းတို့ဖြင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးမည်ဖြစ်သည်။ ယင်းတို့တွင် စီမံကိန်းလုပ်ငန်းများအား ရန်ကုန်မှ ရှမ်းပြည်နယ်ရှိ လားရှိုး နှင့် တာချီလိတ်မြို့များသို့ ပထဝီအနေအထားအရ တိုးချဲ့ခြင်း ပါဝင်မည်ဖြစ်သည်။

Eden စီမံချက်က ကျေးလက်ဒေသရှိ အိမ်ထောင်စုများမှ မြို့ပြဒေသများရှိ အလုပ်အကိုင် အခွင့်အလမ်းများ ရယူရန် 'ထွက်ခွာ' ခဲ့ပြီး လိင်လုပ်ငန်းအတွင်း အမြတ်ထုတ်ခံရခြင်းနှင့် နောက်ပြန်တွန်းချခံခဲ့ကြရသည့် - ရွှေ့ပြောင်းအမျိုးသမီးများအနေဖြင့် ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှုများ ရှာဖွေခြင်းကို ပြန်လည်စတင်နိုင်ရန် ကူညီဆောင်ရွက်ပေးမည် ဖြစ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်သူ

Livelihoods and Food Security Fund

Managed by UNOPS



# Migration as a Livelihood Diversification Strategy in the Delta

## CONTEXT

Migration is an important livelihood option for rural households in the Delta region and can provide its people with the opportunity to escape chronic poverty – especially among economically vulnerable households. The 2014 census found that over 500,000 persons in Yangon had migrated from Ayeyarwady, making it the city's largest region of origin for internal migrants. However, the success or failure of a migration experience is often beyond the direct control of migrants, and while it can be a positive strategy to improve livelihoods, there are many potential risks involved.

There is currently a lack of sufficient information and services to facilitate access to decent work through migration, or to leverage the benefits of migration to improve the overall wellbeing of households. Even for migrants who do obtain higher wages and send remittances home regularly, they often are unable to reduce debt and improve their standard of living, revealing the need for improved financial management skills for family members. Efforts are required to ensure that the benefits of migration are better understood and enhanced, and that migrants, their families and mobility-affected communities are included in overall poverty reduction strategies.

**IMPLEMENTED BY**
International Organization for Migration (IOM)

**GEOGRAPHIC SCOPE**
Ayeyarwady Region

**DURATION**
Phase 1: December 2015 – August 2018
Phase 2: September 2018 – February 2020

**BUDGET**
Phase 1: USD 749,100
Phase 2: USD 800,000

## OBJECTIVE

The project aims to improve access to new economic opportunities for landless and poor households in the Ayerarwady Delta region through safe and gainful migration. This will be achieved through a number of interventions, including reaching out to migrants, potential migrants and their families to assist them to make informed decisions on migration, providing skills development training and harnessing the positive impacts of migration through financial literacy training and support for enterprise development.

## APPROACH

The project will deliver awareness-raising training that encourages informed decision-making about migration and sensible financial management for family members of migrants. Gainful migration training supports aspiring migrants to better understand the opportunities and risks involved with migration, and develop migration plans that include goals for leveraging of remittances. This hybrid training will reach up to 8,000 migrants and family members in 200 villages. Videos and online resources are integrated into the training delivery, including the "Miss Migration" chatbot which interactively provides relevant information to Facebook users. These resources have the potential to impact an audience far beyond the direct trainees.

This project will also provide skills training that will increase the opportunities for rural people to step out of the agricultural economy into jobs with better pay and working conditions. Through engagement with employers and industry associations in Yangon, the project will obtain a clear understanding of the needs of employers hiring entry-level workers, and develop training that responds to these labour market demands. Graduates of the training will be referred to partner employers and industry association members to support job matching.

Pilot training will also be delivered to promote circular migration and migration adaptation in 22 villages. This will support seasonal work in different sectors and provide migrants with more opportunity to remain in their villages in the long-term, while still participating in the workforce. Certain remittance-receiving families will receive introductory business management and entrepreneurship training to aid them to step up in the economy and improve economic opportunities in their home villages.

To increase accessibility of people in rural communities to reliable migration information, a network of safe migration promoters will be established. Safe migration promoters are community members in target villages who have received migration training and who are committed to becoming points of contact for other community members to seek migration-related information.

Drawing upon lessons learned from pilot revolving funds in 21 villages, the project will replicate the model in an additional 20 remote villages where there is no access to loans from microfinance institutions. The funds will be managed by village-level management committees and make loans available at low interest to support people from poor households to finance their migration.

Livelihoods and Food Security Fund

Managed by UNOPS

Implemented by

International Organization for Migration (IOM)
ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)



# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အသက်မွေးဝမ်းကျောင်းမှု မဟာဗျူဟာအဖြစ် ရွှေ့ပြောင်းသွားလာခြင်း

## နောက်ခံအကြောင်းအရာ

ရွှေ့ပြောင်းသွားလာခြင်းမှာ မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးလက်နေ အိမ်ထောင်စုများအတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်း ရွေးချယ်မှု ဖြစ်ပြီး အထူးသဖြင့် စီးပွားရေးအရ ထိခိုက်ခံစားလွယ်နေသည့် အိမ်ထောင်စုများမှ ပြည်သူများအား ရေရှည်ဆင်းရဲမွဲတေမှုမှ ရုန်းထွက်ရန် အခွင့်အလမ်း ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူပေါင်း ၅၀၀,၀၀၀ ကျော် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလာခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးသည် ပြည်တွင်းရွှေ့ပြောင်း သွားလာသူအများစုအတွက် အကြီးဆုံး မူရင်းဒေသ ဖြစ်စေခဲ့သည်။ သို့သော်လည်း ရွှေ့ပြောင်းသွားလာခြင်း အတွေ့အကြုံ၏ အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုမှာ ရံဖန်ရံခါ ရွှေ့ပြောင်းသွားလာသူများ နှင့်တိုက်ရိုက် သက်ဆိုင်ခြင်းမှ ကျော်လွန်သွားပြီး အသက်မွေးဝမ်းကျောင်းမှုကို ပိုမို တိုးတက်ကောင်းမွန်စေရန်အတွက် ကောင်းမွန်သည့် အပြုသဘောဆောင်သည့် မဟာဗျူဟာဖြစ်သော်လည်း အန္တရာယ်ကျရောက်နိုင်ခြေ အလားအလာများစွာ ရှိနေပါသည်။

လက်ရှိအခြေအနေတွင် ရွှေ့ပြောင်းသွားလာမှုမှ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် လက်လှမ်းမီစေရန် ကူညီဆောင်ရွက်ပေးရန်အတွက် ပြည့်စုံလုံလောက်သည့် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများ မရှိသေးပါ သို့မဟုတ် အိမ်ထောင်စုများ၏ ဘဝသာယာဝပြောမှု တိုးတက်စေရန် ရွှေ့ပြောင်းသွားလာမှု၏ အကျိုးကျေးဇူးများကို အသုံးချနိုင်ခြင်း မရှိသေးပါ။ ရံဖန်ရံခါလုပ်ခလစာကောင်းများရလျက်ရှိပြီး မိသားစုထံ ပုံမှန်ငွေပြန်လွှဲနိုင်သည့် ရွှေ့ပြောင်းသွားလာသူများပင် အကြွေးတင်ခြင်းကို လျှော့ချနိုင်ခြင်း၊ လူနေမှုအဆင့်အတန်း တိုးတက်လာစေခြင်းတို့ လုပ်နိုင်ခြင်းမရှိသေးဘဲ ရှိနေခြင်းမှာ မိသားစုဝင်များအတွင်း၌ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ ပိုမိုကောင်းမွန်ရန် လိုအပ်ကြောင်း ပြသနေသည်။ ရွှေ့ပြောင်းသွားလာခြင်း၏ အကျိုးကျေးဇူးများအား ပိုမိုသဘောပေါက်နားလည်ပြီး ပိုမိုတိုးမြှင့်နိုင်ရန် ကြိုးပမ်းအားထုတ်မှုများ လိုအပ်နေပြီး ရွှေ့ပြောင်းသွားလာသူများ၊ ၎င်းတို့၏ မိသားစုများ နှင့် ရွှေ့ပြောင်းမှုထိခိုက်ခံစားရသည့် ရပ်ရွာလူထုများအား ဆင်းရဲမွဲတေမှုလျှော့ချရေး မဟာဗျူဟာများတွင် ထည့်သွင်းစဉ်းစားထားပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်သူ
ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း- IOM

ပထဝီအနေအထားလွှမ်းခြုံမှု
ဧရာဝတီတိုင်းဒေသကြီး

စီမံချက်ကာလ
ပထမကာလ - ၂၀၁၅ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ခုနှစ် ဩဂုတ်လအထိ
ဒုတိယကာလ - ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလအထိ

ဘတ်ဂျက်
ပထမကာလ - အမေရိကန်ဒေါ်လာ ၇၄၉,၁၀၀
ဒုတိယကာလ - အမေရိကန်ဒေါ်လာ ၈၀၀, ၀၀၀

## ရည်ရွယ်ချက်

ဤစီမံချက်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြေယာမဲ့များနှင့် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအား ဘေးကင်းလုံခြုံ၍ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် လုပ်သားရွှေ့ပြောင်းမှုမှတဆင့် စီးပွားရေး အခွင့်အလမ်းသစ်များအား လက်လှမ်းမီနိုင်မှုကို ပိုမိုတိုးတက်စေရန် ရည်ရွယ်သည်။ရွှေ့ပြောင်း သွားလာသူများအပါအဝင်၊ ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသူများ နှင့်၎င်းတို့၏ မိသားစုများ ရွှေ့ပြောင်းသွားလာခြင်း နှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် သတင်းအချက်အလက်မှန်များ ရရှိစေရန် အကူအညီပေးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေမည့် သင်တန်းများပေးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်း၏ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုရရှိစေရန် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းပေးခြင်း နှင့်လုပ်ငန်း တည်ထောင်ဖွံ့ဖြိုးစေရန်အတွက် အထောက်အကူပေးခြင်းဖြင့် ၎င်းတို့နှင့် တိုက်ရိုက်ထိတွေ့ကာ ဆောင်ရွက်ခြင်းဖြင့် စီမံချက်၏ ရည်ရွယ်ချက်ကို အောင်မြင်စေမည် ဖြစ်သည်။

## ချဉ်းကပ်ပုံ

ဤစီမံချက်က ရွှေ့ပြောင်းသွားလာခြင်း နှင့်ပတ်သက်၍ သတင်းအချက်အလက်များ သိရှိပြီးမှ ဆုံးဖြတ်ချက်များချခြင်းကို အားပေးသည့် အသိပညာတိုးမြှင့်ပေးရေးသင်တန်းများ နှင့် ရွှေ့ပြောင်းသွားလာသူများ၏ မိသားစုဝင်များအတွက် လက်တွေ့ကျသည့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ ပို့ချပေးမည်ဖြစ်သည်။ အကျိုးအမြတ်ရှိသည့် လုပ်သားရွှေ့ပြောင်းမှုဆိုင်ရာ သင်တန်းက ရွှေ့ပြောင်းသွားလာခြင်း၏ အခွင့်အလမ်းများနှင့် ထိခိုက်နိုင်ခြေရှိသည့် အန္တရာယ်များကို ပိုမိုနားလည် သဘောပေါက်စေရန် နှင့် ငွေလွှဲပေးပို့ခြင်းအား တွန်းအားပေးသည့် ပန်းတိုင်များပါဝင်သည့် ရွှေ့ပြောင်းသွားလာရေး အစီအစဉ်များ ရေးဆွဲရန် အထောက်အကူပြုပါသည်။ ဤသို့သော အကျိုးကျေးဇူးနှစ်မျိုးရရှိစေမည့် သင်တန်းအား ကျေးရွာပေါင်း ၂၀၀ ရှိ ရွှေ့ပြောင်းလုပ်သား ၈,၀၀၀ နှင့် မိသားစု ဝင်များထံ အရောက် ပို့ဆောင်မည်ဖြစ်သည်။ ဖေ့စ်ဘွတ်ခ် အသုံးပြုသူများအတွက် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလိုအလျောက် တုံ့ပြန်ပြောဆိုနိုင်သည့် စက်ရုပ်မလေး မယ်ရွှေ့ပြောင်း @ Miss Migration အပါအဝင် ဗွီဒီယိုများ နှင့် အင်တာနက်အွန်လိုင်း အရင်းအမြစ်များအား သင်တန်းပို့ချရာတွင် ပေါင်းစပ်အသုံးပြုထားပါသည်။ အဆိုပါ အရင်းအမြစ်များက တိုက်ရိုက်လေ့ကျင့်ပေးသည့် သင်တန်းများထက် ကြည့်ရှုသူပရိတ်သတ်အပေါ် သက်ရောက်မှု ပိုမိုများပြားစေသည့် အလားအလာ ရှိပါသည်။

ဤစီမံချက်သည် ကျေးလက်နေပြည်သူများအား လယ်ယာစီးပွါးမှ ထွက်ခွါပြီး လုပ်ခလစာနှင့် လုပ်ငန်းခွင်အခြေအနေ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များ ပြောင်းရွှေ့လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ တိုးပွါးစေမည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများလည်း ပေးပါမည်။ ရန်ကုန်ရှိ အလုပ်ရှင်များနှင့် လုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် ထိတွေ့ပူးပေါင်းခြင်းဖြင့် ယခုမှ အလုပ်စတင်လုပ်ကိုင်သည့် အလုပ်သမားများထံမှ လုပ်ငန်းရှင်များ ရယူလိုသည့် လိုအပ်ချက်များကို ရှင်းလင်းတိကျစွာ နားလည်မှုယူပြီး ယင်းလုပ်သားဈေးကွက်၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်တင်းရန် သင်တန်းများ ဖော်ဆောင်မည်ဖြစ်သည်။ သင်တန်းတက်ရောက်ပြီးသူများအား အလုပ်အကိုင် နှင့် အရည်အသွေးတိုက်ဆိုင်ရွေးချယ်မှုကို အထောက်အကူဖြစ်စေရန် မိတ်ဖက်အလုပ်ရှင်များ နှင့် လုပ်ငန်းရှင် အဖွဲ့အစည်းဝင်များထံသို့ မိတ်ဆက်ပေးမည်ဖြစ်သည်။

ရာသီအလိုက် ရွှေ့ပြောင်းသွားလာခြင်း နှင့် ရွှေ့ပြောင်းသွားလာခြင်းအပေါ် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ခြင်းကို တိုးမြှင့်စေရန် ရည်ရွယ်သည့် စမ်းသပ်သင်တန်းအစီအစဉ်ကို ရွာပေါင်း ၂၂ ရွာတွင် ပို့ချမည်ဖြစ်သည်။ ဤသင်တန်းပေးမှုက ကဏ္ဍမျိုးစုံတွင် ရာသီအလိုက် လုပ်ကိုင်သည့်အလုပ်များကို အကူအညီပေးမည်ဖြစ်ပြီး အလုပ်လုပ်ကိုင်သည့်အသိုက်အဝန်း /လုပ်သားစွမ်းအားထုတွင် ဆက်လက်ပါဝင်လျက် ရေရှည်တွင် မိမိရပ်ရွာများတွင် နေထိုင်နိုင်မည့် အခွင့်အလမ်းများ ပံ့ပိုးကူညီပေးမည်ဖြစ်သည်။ လွှဲပို့ငွေ လက်ခံရရှိသည့် အချို့သော မိသားစုများသည် ၎င်းတို့ နေထိုင်ရာရွာများတွင် စီးပွားရေး တိုးချဲ့ရန် နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်စေရန် အထောက်အကူဖြစ်စေမည့် မိတ်ဆက်စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ နှင့် စွန့်ဦးတီထွင်ခြင်းဆိုင်ရာသင်တန်းများ ရရှိမည်ဖြစ်သည်။

LIFT
Livelihoods and Food Security Fund
UKaid
European Union
Australian Aid
USAID
Canada
Irish Aid
Managed by UNOPS

အကောင်အထည်ဖော်ဆောင်ရွက်သူ
International Organization for Migration (IOM)
ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)